မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၆၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ခရိုင်ချင်းဆက်လမ်း စစ်ကိုင်း–တပ်ရွာ–ကျောက်မြောင်းလမ်းပိုင်း ဖောက်လုပ်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း ဝမ်းတွင်းမြို့အဝင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။ စာမျက်နှာ ၉ ကော်လံ ၃ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဇော်ကနားချောင်းရေလှောင်တမံ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူများနှင့် အနီးကပ်နေထိုင်ပြီး ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက် ပြည်သူတို့၏ လေးစားမှုခံယူထိုက်သူများဖြစ်အောင် ကျင့်ကြံနေထိုင်

နေပြည်တော် မတ် ၁၁

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၀ ရက် နံနက် ၈ နာရီက မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့သွားရောက်ပြီး မြိတ်မြို့သစ်ဖော်ထုတ်ရေး ဇဟိုဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအား တွေ့ဆုံကာ မြိတ်မြို့သစ်စီမံကိန်းလုပ်ငန်းများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

အမျိုးသားသည် အမျိုးသမီးများထက် အရွယ်မရွေး နှလုံးသွေးကြောရောဂါ ပို၍ဖြစ်သည်။ အမျိုးသမီးများတွင် အမျိုးသားများထက် ရောဂါကာကွယ်ပေးသော HDL-C ပို၍များသောကြောင့် ဖြစ်သည်ဟု သိပ္ပံပညာရှင်အများစုက ယုံကြည်ကြသည်။

ပါမောက္ခ ဒေါ်ခင်မေစန်း၏ ဆောင်းပါး (စာ-၁၀)

မိရိုးဖလာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် အိုးမကွာအိမ်မကွာလုပ်ရသော လုပ်ငန်းဖြစ်ပြီး အချိန်ကုန်သက်သာ၍ လုပ်ငန်းလည်း တွင်ကျယ်သဖြင့် ရှေးဘိုးဘွားလက်ထက်မှစ၍ ယခုလက်ရှိ သားစဉ်မြေးဆက် တိုင်အောင် ဆက်လက်၍ တည်တံ့ခိုင်မြဲနေဦးမည်။

နနရီနှင့် တင်တင်ဝင်းတို့၏ သတင်းဆောင်းပါး (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးအမြင်ဖြင့် ထိန်းသိမ်းစောင့်ရှောက်

မြန်မာတို့သည် ဗြဟ္မစိုရ်တရားလေးပါးကို အစဉ်စောင့်ထိန်းလိုက်နာကြသူများ ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့မှု၊ စိတ်နှလုံးကောင်းရှိမှု၊ ရိုးသားတည်ကြည်ဖြောင့်မတ်မှုတို့ကို တန်ဖိုးထားကြသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းကာကွယ်ရေးသည် အလွန်အရေးပါသည်။ နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်း အဆောက်အအုံများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်သန်းပေါင်း ၄၀ ခန့်ကစပြီး ပုံတောင်ပုံညာဒေသ၌ လူတူသတ္တဝါ ပရိုင်းမိတ်များ ဖြစ်တည်ခဲ့သည်ဆိုသောအချက်ကို အခိုင်အမာအတည်ပြုနိုင်ခဲ့သည်။ ထို့အပြင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိမှုသည် မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်းအစဉ်အလာ ထည်ဝါခံ့ညားမှု ပြယုဂ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများသည် လူသားမျိုးနွယ်တစ်နွယ်တည်းက ဆင်းသက်လာကြသူများဖြစ်ပြီး နေထိုင်ရာဒေသအလိုက် ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကားပြောဆိုမှု အနည်းငယ်ကွာခြားသော်လည်း ဓလေ့စရိုက်လက္ခဏာများ တူညီကြသည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများ ဖြစ်ကြသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာများ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲလျက်ရှိရာတွင် မိမိလူမျိုးတို့၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည် ခိုင်မြဲစေရန် တိုင်းရင်းသားပြည်သူအပေါင်းက အမျိုးသားရေး အသိအမြင်ဖြင့် သတိပြုကာ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးလှဘန်း(၆၉) နှစ်ပြည့် မွေးနေ့အဖြစ် အောင်ကျော်စည် အိမ်ဆောက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း ရောင်း ဝယ်ရေး ဦးလှဘန်း-ဆရာမ ဒေါ်မဦးခင်(ငြိမ်း) နှင့် သားသမီးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ် မူတည်ပြီး စက်များလည်ပတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထား

ရန်ကုန် မတ် ၁၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၉ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အလုံဓာတ်အားစက်ရုံသို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ ဓာတ်အားထုတ်လုပ်ရေးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးညွန့်အောင်က စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရေး လိုအပ်ချက်များကို လက်တွေ့လေ့လာတွေ့ရှိချက်များ ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး စက်ရုံမှူးဦးသန်းနိုင်ဦးက စက်များ လည်ပတ် မောင်းနှင်မှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေများနှင့် Boiler အမှတ်(၃)အား ပြုပြင်ပြီးစီးမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းများကိုအလေးထားဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုးက ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အားပေးစက်ရုံ(၄)ရုံ၏ ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့်ကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သဘာဝဓာတ်ငွေ့ရရှိမှုနှင့် စက်များမောင်းနှင်မှု အခြေအနေများကို အချိန်နှင့် တစ်ပြေးညီဖြစ်စေလိုကြောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ်မူတည်ပြီး စက်များလည်ပတ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက်ထားစေလိုကြောင်း ပြောကြားပြီး တာဝန်ရှိသူများက Boiler အမှတ်(၁)စက်ကို Tubeများ အစားထိုးတပ်ဆင်လဲလှယ်ပြီးနောက် Tube အတွင်း ရေဝင်ရောက်မှုနှင့် ရေနွေးငွေ့အဖြစ် ပြောင်းလဲသွားမှုတို့ကို အဆင့်ဆင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အလုံဓာတ်အားပေးစက်ရုံ၏ Control Room အတွင်း ရောက်ရှိရာ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု အခြေအနေများ၊ စက်ရုံဝင်းအတွင်း စက်များလည်ပတ်မောင်းနှင်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၂-၃-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄း၂၅ ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားက ချစ်လိပ်ပြာ** (အပိုင်း-၁၇)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း-၁၁)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၇ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ဝိပဿနာစာမေးပွဲတရားတော် (အပိုင်း-၁) [အရှင်ဇဝန (မေတ္တာရှင်ဆရာတော်)]
- ၇း၅၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
- ၈း၀၅ တေးဂီတအစီအစဉ်
- ၈း၁၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၃၅ ရုပ်ရှင်နှင့်ပြဇာတ်ပညာဘွဲ့ကြိုသင်တန်းဖွင့်ပွဲအခမ်းအနားမှ ပွဲတင်သံများ
- ၉း၁၀ ပြည်တွင်းအတင်းအကျဉ်း
- ၉း၂၀ Yangon Panorama (ဦးလွန်းကြွယ် ပန်းချီပြပွဲ)
- ၉း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ ပြည်သူလူထုအတွက် ပညာပေး မျိုးဆက်ပွားကျန်းမာရေး
- ၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (မာလကာသီး)
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍာ (အလှအပနှင့်အရေပြား ဆိုင်ရာပြဿနာများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (စူးရှ၊ ဂန္ဓဝင်၊ ခိုင်သီတာထွန်း)
- ၁၁း၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၁း၁၅ တေးဂီတအစီအစဉ်
- ၁၁း၂၀ လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ (အမျိုးသမီး ကလေးများသင်တန်းကျောင်း)
- ၁၁း၃၀ တေးဂီတအစီအစဉ်
- ၁၁း၃၅ Say It In English (4)
- ၁၁း၅၀ ပြည်တွင်းအတင်းအကျဉ်း
- ၁၂း၀၀ အမုန်းချစ်မှ အချစ်မုန်း (ဖြိုးငွေစိုး၊ မေနန်းခေါင်)
- ၁၂း၁၀ တေးဂီတအစီအစဉ်
- ၁၂း၁၅ ဂေါက်ရိုက်ကြရအောင်
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၄၅ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကဘင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြိတ်မြို့သစ် မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်က အခြေခံဇုန်များဖြစ်သည့် လူနေရပ်ကွက်ဇုန်၊ စီးပွားရေးဇုန်၊စက်မှုဇုန်၊ အုပ်ချုပ်မှုဇုန်၊ ဆိပ်ကမ်းနယ်မြေဇုန်နှင့် ပညာရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက မြိတ်မြို့သစ် မြို့ကွက်ဖွဲ့စည်းတည်ဆောက်မှု၊ မြေကွက်များနေရာချထားမှု အခြေအနေ၊ အဝေးပြေးကားကြီးဂိတ်ဝင်းနှင့် ပွဲရုံများ တည်ဆောက်မည့်အစီအစဉ်၊ ဈေးနေရာ သတ်မှတ်ခြင်းနှင့် ဆိပ်ကမ်းတွင် စက်လှေများ ဆိုက်ကပ်ရပ်နားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းစီမံ

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အပြင်မှ သမုတ်နှင့် ကျောက်ဖျာမြစ်ကြားဆိပ်ကမ်းနယ်မြေ၊ မြေကွက်များဖော်ထုတ်နေမှုနှင့် ဆိပ်ခံတံတားများဆောက်လုပ်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့သစ် တာပတ်လမ်းတစ်လျှောက် ဆိပ်ခံဇောတံတားများ တည်ဆောက်နေမှုကိုလည်းကောင်း၊ မြေနေရာ ဖော်ထုတ်နေမှုကိုလည်းကောင်း၊ မြိတ်မြို့သစ် မြို့ရှောင်လမ်းပေါ်ရှိ လက်ဝဲတောင်ဘုရားနှင့် သပွတ်ကျေးရွာအနီး ပေ ၆၀၀X ပေ၄၀၀ရှိ ကွန်ပျူတာကောလိပ်ဆောက်လုပ်မည့် မြေနေရာကို လည်းကောင်း၊ စမ်းတူချောင်းရေလှောင်တမံဆောက်လုပ်မည့်နေရာကိုလည်းကောင်း၊ လမ်းတစ်လျှောက်ရှိ တံတားငယ်များ၊မြေသားလမ်း ကျောက်ခင်းလမ်းပြီးစီးမှု အခြေအနေများကိုလည်းကောင်းလှည့်လည်ကြည့်ရှုသည်။

ကဘင်းရေလှောင်တမံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းရဲတပ်ဖွဲ့မှူးရုံးသစ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ပြည့်ဖြိုးထွန်း၊ အောင်မြတ်ဖြိုး ကုမ္ပဏီက တည်ဆောက်နေသော ကဘင်းရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကဘင်းရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်တွင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကဘင်းရေလှောင်တမံသည် အမြင့် ၄၅ပေ၊ အလျားပေ ၄၅၀ ရှိ မြေသားတမံအမျိုးအစား ဖြစ်ပြီး ရေလှောင်ပမာဏ ဂါလန်သန်း ၅၀၊ ဧရိယာ ၆ဒသမ၅ဧကေ ဖြစ်ကြောင်း သိရသည်။

နည်းပညာတက္ကသိုလ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့သစ်၌ တည်ဆောက်လျက်ရှိသည့် နည်းပညာတက္ကသိုလ် (မြိတ်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်နည်းပညာတက္ကသိုလ်(မြိတ်) ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နည်းပညာတက္ကသိုလ်(မြိတ်)သည် မြိတ်-ရန်ကုန်ကားလမ်းဘေး ကဘင်းကျေးရွာအနီး မြိတ်မြို့သစ်၌တည်ရှိပြီး ကျောင်းသားကျောင်းသူဦးရေ ၃၀၀၀ကို လက်ခံသင်ကြားပေးနိုင်မည်ဖြစ်သည်။

အလျား၅၁၃ပေ၊ အနံ၃၅၇ပေရှိ သုံးထပ်အဆောက်အအုံဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးပြီးစီးမှုမှာ ၈၆ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ပြည်သူများနှင့် အနီးကပ် နေထိုင်ပြီး ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ကာကွယ် စောင့်ရှောက်ပေးရမည့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများအတွက် ထင်သာမြင်သာအောင် ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ထို့အပြင် ပြည်သူတို့၏ လေးစားမှု ခံယူထိုက်သူများဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန်နှင့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

Data Center တစ်ခုကိုတည်ဆောက်ခဲ့ပြီး Fiber လိုင်း၊ မြန်နှုန်း မြင့်လိုင်းတို့ဖြင့် အစိုးရဌာနများအကြား 100MB မြန်နှုန်းဖြင့် ချိတ်ဆက် သုံးစွဲနေပြီဖြစ်ကြောင်း။

ဦးစီးဆောင်ရွက်

ဤတည်ဆောက်ခဲ့သည့် Infrastructure များသည် စကားပြောဆိုဆက်သွယ်နိုင်ရုံသာမက Video, Image စသည့် Data များပါပေး၍ ဖလှယ်၍ရသည့် ဆက်ကြောင်းများ ဖြစ်ကြောင်း၊ ဤသည်တို့မှာ IT ကို အသုံးချနိုင်ရန် Digital Divide ကွာဟချက်ကို ကျဉ်းမြောင်းစေရန် နိုင်ငံတော်က ဦးစီးဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံနှင့်အဝန်း တည်ဆောက်ပြီးစီးခဲ့သည့် ဆက်ကြောင်းများကို အခြေခံပြီး ပြည်သူများ၏ ICT အသုံးချနိုင်မှု စွမ်းရည်မြင့်မားလာစေရေးအတွက် Public Access Center (PAC) များကို လိုက်ဖက်ညီစွာ တိုးချဲ့တပ်ဆင်ပေးလျက်ရှိကြောင်း၊ ၂၀၀၇ခုနှစ် ဇန်နဝါရီလအထိ PAC ပေါင်း ၁၃၄ခု ဖွင့်လှစ်ပေးခဲ့ပြီး နောက်ထပ် ၂၀၀ ကျော်ကို ထပ်မံဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်ခဲ့သည့်အချိန်အထိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ပြုစုပြီး Catalogue စနစ်နှင့် e-Book ပေါင်း ၄၀၀၀ကျော်၊ ပညာရေးဝန်ကြီးဌာနမှ e-Book ၃၃၀၀ကျော်၊ အမျိုးသားစာကြည့်တိုက်မှ ၅၀၀ ကျော်၊ Reference Library မှ Ph.D.၊ M.Sc.၊ M.A ကျမ်းပြု စာတမ်းပေါင်း ၁၀၀၀၀ကျော်နှင့် ပိဋကတ်သုံးပုံ ကျောက်စာချပ် ၇၂၉ချပ်ကို ဘာသာခြောက်မျိုးဖြင့်လည်းကောင်း၊ Myanmar Book Center မှ တစ်နှစ်စာ အခမဲ့ လှူဒါန်းသော Database e-Journals (Full Text) ၂၇၀၀ကျော်၊ e-Books ၂၆၀၀ကျော်၊ Articles စုစုပေါင်း လေးသန်းခန့်ဖြင့် စတင်မည် ဖြစ်ကြောင်း၊ ဆက်လက်ပြီး တက္ကသိုလ် ၁၅ခု၌လည်း စာအုပ်ပေါင်း ၃၀၀၀၀၀ ကျော်ကို Digitization ပြုလုပ်၍ Contents များအဖြစ် ထပ်မံထည့်သွင်းသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ကြိုးစား

e-Library စနစ်သည် Knowledge ကိုအခြေခံသော Website ဖြစ်ပြီး ခေတ်လူငယ်မှာ Information ကိုအခြေခံသည့် Webportal ဖြစ်ကြောင်း၊ Contents များကို နေ့စဉ် Update လုပ်နေမှာဖြစ်ပြီး ဗဟုသုတနှင့် သတင်းအချက်အလက်များအပြင် ဖျော်ဖြေရေးနှင့် အခြားဝန်ဆောင်မှုများ ကိုပါပေးနိုင်မည်ဖြစ်ကြောင်း၊ သတင်းစာ၊ ဂျာနယ်များဖတ်နိုင်သကဲ့သို့ သီချင်းများလည်း နားထောင်နိုင်မည်ဖြစ်ကြောင်း၊ ပညာရေးအတွက် Distance Learning များအပြင် သင်တန်း ဝင်ခွင့်လျှောက်လွှာများကို Online ၌ တင်နိုင်သကဲ့သို့ ဟိုတယ် Reservation နှင့် လေယာဉ်လက်မှတ်များကို Online Booking လုပ်နိုင်၊ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးအတွက် လိုအပ်သောသတင်း အချက်အလက်များကို ဖြည့်ဆည်းပေးနိုင်သည့် Home Sweet Home Portal တစ်ခုဖြစ်လာအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း။

ဖိတ်ခေါ်

ယခုဖွင့်ပွဲတွင် ပြသထားသမျှသည် စတင်သည့်အဆင့်သာဖြစ်ကြောင်း၊ ဆက်လက်ပြီး ပြည့်စုံသည်ထက်ပြည့်စုံအောင်၊ ကောင်းသည်ထက် ကောင်းလာအောင် အဆင့်လိုက် ဆက်လက်ဆောင်ရွက်သွားရန် စီမံပြီးဖြစ်ကြောင်း၊ လူငယ်များ အကျိုးရှိစေမည့် ဝန်ဆောင်မှုများကို ထပ်မံထည့်သွင်းရန် အစဉ်ကြိုးစားနေမည်ဖြစ်ပြီး ဝိုင်းဝန်းအကြံပေးရန်လည်း ဖိတ်ခေါ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website အကြောင်းကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။ထို့နောက် အွန်လိုင်းစာကြည့်တိုက်စနစ် e-Library သို့လှူဒါန်းသည့် ပိဋကတ်သုံးပုံကျောက်စာများအကြောင်းကို Alpha Computer မှ ဦးရဲမြတ်သူကလည်းကောင်း၊ e-books များအကြောင်းကို Myanmar Book Centre မှ ဒေါက်တာသန့်သော်ကောင်းကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခေတ်လူငယ် Youth Website ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် နည်းပညာပေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် အနုပညာရေးရာ၊ လူငယ်နှင့် စာအုပ်စင်၊ လူငယ်နှင့် စတိုင်၊ လူငယ်နှင့် အလုပ်အကိုင်စသည့် Youth Website ထည့်သွင်းထားသည်များကို ဗီဒီယိုဖြင့် ထပ်မံရှင်းလင်းပြသသည်။

ဂုဏ်ပြု

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အလှူရှင်နှစ်ဦးဖြစ်သည့် Alpha Computer မှ ဦးရဲမြတ်သူနှင့် Myanmar Book Center မှ ဒေါက်တာ သန့်သော်ကောင်းတို့အား ဂုဏ်ပြုလွှာများကို ပေးအပ်သည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို တစ်ပြိုင်တည်းကျင်းပနေသည့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှနေ၍ ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနမှ ကထိက ဒေါ်စိုးမြမြအေးက e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်လှစ်နိုင်ခြင်းနှင့်စပ်လျဉ်း၍ Video Conferencing စနစ်ဖြင့် ကျေးဇူးတင်စကားကို တိုက်ရိုက်ပြောကြားသည်။

ကြည့်ရှု

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တက်ရောက်လာကြသူများသည် အစည်းအဝေးခန်းမအတွင်းနှင့် ဝန်ကြီးရုံးအဝင်ခန်းမဆောင်တို့၌ ခင်းကျင်းစီစဉ်ပြသထားသည့် အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website နှင့် စပ်လျဉ်းသည့် ပြကွက်များ၊ လက်တွေ့ အသုံးပြုမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

e- Library နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဖုန်း-၅၃၄၉၇၉ သို့လည်းကောင်း၊ ခေတ်လူငယ် Youth Website နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech ဖုန်း-၅၀၇၁၅၆ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်၌ ကျင်းပသော နှင်းရုပ်တုပြိုင်ပွဲတွင် ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင် နေသည်ကို မတ် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့် အမေရိကန်တို့ ဆွေးနွေးရေး သမ္မတဘုရှ်အစိုးရအဖွဲ့အတွင်း သဘောထားကွဲ

ဝါရှင်တန် မတ် ၁၁

အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးရေးတွင် သမ္မတဘုရှ်အစိုးရအဖွဲ့အတွင်း အကြီးအကျယ် သဘောထားကွဲလွဲလျက်ရှိကြောင်း နယူးယောက်တိုင်းမ် သတင်းစာက မတ် ၉ ရက်၌ ရေးသားဖော်ပြလိုက်သည်။

အီရန်နှင့် ဆွေးနွေးခြင်းမှာ အလျှော့ပေး ဆက်ဆံခြင်းဖြစ်သည် ဆိုကာ အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီရုံးမှ အများစုပါဝင်သည့် သဘောထား တင်းမာသူများက ဆန့်ကျင်နေကြစဉ်တွင် လောလောဆယ်၌ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် ဦးဆောင်သည့် အမေရိကန်နိုင်ငံခြားရေးဌာနက အီရန်နှင့် တွေ့ဆုံဆွေးနွေးရေး လိုလားကြသည်။

အီရန်အား ဖိအားပေးရန် အမေရိကန်၏ မကြာသေးမီက လုပ်ရပ်များကြောင့် ယခုအခါ အီရန်နှင့် ဆွေးနွေးရာတွင် အမေရိကန်က အပေါ်စီးရမည်ဟု မီးစ်ကွန်ဒိုလီဇာရိုက်စ်နှင့် ၎င်း၏ ထိပ်တန်းလက်ထောက်များက ကောက်ချက်ချသည်ဟုဆိုသည်။

ပြောကြား

ထိုသဘောထားကို ဆန့်ကျင်သူများကမူ အမေရိကန်သည် အီရန်အား အလျှော့မပေးသင့်ကြောင်း၊ ဆွေးနွေးခြင်းသည် အလျှော့ပေးရာကျကြောင်း အမည်မဖော်လိုသည့် အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဟောင်းအား ဝန်ကြီးချုပ်အသစ်အဖြစ် ရွေးချယ်

ဆိုးလ် မတ် ၁၁

တောင်ကိုရီးယားဘဏ္ဍာရေး ဝန်ကြီးဟောင်း ဟမ်ဒတ်ဆိုးအား ဝန်ကြီးချုပ်သစ်အဖြစ် တောင်ကိုရီးယားသမ္မတနိုမူဟွန်က မတ် ၉ ရက်တွင် ခန့်အပ်တာဝန်ပေးလိုက်ကြောင်း ယင်းသမ္မတရုံးက သတင်းထုတ်ပြန်သည်။

အသက် (၅၈)နှစ်ရှိ ဟမ်သည် မတ် ၇ ရက်က ရာထူးမှ နုတ်ထွက်သွားသော မီယောင်ဆွတ်၏ ဝန်ကြီးချုပ်ရာထူးနေရာတွင် လွှဲပြောင်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ဟမ်ဒတ်ဆိုးသည် ပြီးခဲ့သော ဇူလိုင်လက ဘဏ္ဍာရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များဆိုင်ရာရုံး၌ သမ္မတ၏ အထူးအကြံပေးတာဝန်ကို ထမ်းဆောင်နေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေး ဗီယက်နမ် ငွေကြေးပိုမိုသုံးစွဲမည်

ဟနွိုင်း မတ် ၁၁

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေးအတွက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံခန့်ကို သုံးစွဲမည်ဖြစ်ရာ ယခင်နှစ်ကထက် ၈၂ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုများကြောင်း ဗီယက်နမ်ပြည်သူ့သတင်းစာက မတ် ၉ ရက်၌ ဖော်ပြသည်။

အသုံးပြု

၂၀၀၇ ခုနှစ်အတွက် အိပ်ချ်အိုင်ဗွီ /အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအတွက် နိုင်ငံတကာမှ အလှူငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁သန်း ရရှိသုံးစွဲမည်ဖြစ်သည်။ ထို့အပြင် ဗီယက်နမ်နိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဝေဒနာခံစားနေရသူများအတွက် ဆေးဝါးကုသမှုတွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။

ဆောင်ရွက်

ဗီယက်နမ်နိုင်ငံတွင်လည်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအတွက်လည်း အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ဝေဒနာရှင် သုံးသိန်းခန့်ရှိကြောင်း သိရသည်။

ကြိုးစား

ဗီယက်နမ် နိုင်ငံအနေဖြင့် လာမည့် ၂၀၁၀ ပြည့်နှစ်တွင် အဆိုပါရောဂါဖြစ်သူသည် နိုင်ငံ့လူဦးရေ၏ ၀ ဒသမ ၃ ရာခိုင်နှုန်းအောက် လျော့နည်းသွားအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နောက်ပိုင်း ၎င်းရောဂါ ပပျောက်သွားအောင် ကြိုးစားသွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၁၈၈ ဦးရှိ

ဘဂ္ဂဒက် မတ် ၁၁

ဘဂ္ဂဒက်မြို့အနီး၌ မတ် ၉ ရက်က လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသည် ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက်တွင် လုံခြုံရေးကင်းလှည့်စဉ် လမ်းဘေးဗုံးထိမှန်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးကြောင့် အခြားအမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်ကို အမေရိကန်ကျူးကျော်သည့် ၂၀၀၃ ခုနှစ် မတ်လနောက်ပိုင်း အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၃၁၈၈ ဦး ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်မှ စာရင်းများအရ သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ကျောက်တန်းများအကြောင်း ပြသမည့် ဘူမိဗေဒစီမံကိန်းစတင်

လန်ဒန် မတ် ၁၁

တစ်ကမ္ဘာလုံးရှိ ကျောက်တန်းများ၏ အချက်အလက်အားလုံးကို ပထမဆုံးအကြိမ် စစ်မှန်သည့် ဇာစ်မြစ်အင်အား အဖြစ်ပြုစုရန် ကမ္ဘာ့ဘူမိဗေဒပညာရှင်အားလုံး၏ မြေပုံများကို ရယူမည်ဟု သိရသည်။

တစ်ခုတည်းသော ဘူမိဗေဒစီမံကိန်းဟု အမည်ပေးထားသည့် ဤစီမံကိန်းက ကမ္ဘာမြေရှိ ကျောက်တန်းများ၏အကြောင်း **(ယာပုံ)** ဇာစ်မြစ်ကို ပညာရှင်တို့ အသီးသီး လေ့လာသိရှိထားရာက ယခုအခါ တစုတဝေးတည်း သိရှိလာစေရန် ရည်ရွယ်သည်။



မေတ္တာရပ်ခံ

ဗြိတိန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့(ဘီဂျီအက်စ်)က ဦးဆောင်ပြီး နိုင်ငံပေါင်း ၅၅နိုင်ငံမှ ပညာရှင်များအား စီမံကိန်းတွင် ပါဝင်ကူညီကြပါရန် မေတ္တာရပ်ခံထားသည်။

တစ်ကမ္ဘာလုံးရှိ ကျောက်တန်းများ၏ အချက်အလက်များကို ၁း၁၀၀၀၀၀၀ဖြင့် မြေပုံထုတ်ပြနိုင်မည်ဟု မျှော်လင့်သည်ဟုဆိုသည်။ **(အင်တာနက်)**

မိုဘိုင်းလ်ဖုန်း

အမေရိကန်နိုင်ငံ နီဗာဒါးပြည်နယ် အပြည်ပြည်ဆိုင်ရာ အီလက်ထရွန်နစ် ထုတ်ကုန်ပြပွဲတွင် ပြသထားသည့် ရုပ်မြင်သံကြား မိုဘိုင်းလ်ဖုန်းကို မတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မာလာဝီ၌ လေယာဉ်ပျက်ကျ

လူဆာကာ မတ် ၁၁

မာလာဝီနိုင်ငံ အလယ်ပိုင်းတွင် မတ် ၈ရက် နံနက်ပိုင်းက ကိုယ်ပိုင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လိုက်ပါစီးနင်းလာသူ ဩစတြေးလျ အင်ဂျင်နီယာ ရှစ်ဦးသေဆုံးခဲ့သည်။

အဆိုပါလေယာဉ်သည်လီလောင်ဝီမှ ကရွန်ဂါရှိ ယူရေနီယံ သတ္တုစီမံကိန်းလုပ်ငန်းခွင်သို့ စီးနင်းလာသော်လည်း လူမည်မျှ လိုက်ပါလာသည်ကို ၎င်းတို့မသိကြောင်း၊ အသက်ရှင်ကျန်သူ တစ်ဦး တစ်ယောက်မျှ မရှိကြောင်း မာလာဝီ ရဲတပ်ဖွဲ့ကပြော ကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ လေပြင်းများတိုက်ခတ် ခြောက်ဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

ဂျကာတာ မတ် ၁၁

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ပြီးခဲ့သည့် နှစ်ရက်က လေပြင်းများ တိုက်ခတ်မှုကြောင့် အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ပြိုလဲ

လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်အများအပြားပြိုလဲကာ ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ထို့အပြင် လျှပ်စစ်ဓာတ်အားကြိုးများလည်း ပြတ်တောက်ခဲ့ရကြောင်း ဘာလီပြည်နယ်မြို့တော် ဒင်ပါဆာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေပြင်းတိုက်ခတ်ရာတွင် သစ်ပင်ကြီးများပြိုလဲကာ လျှပ်စစ်ဓာတ်အားကြိုးများ ပြတ်တောက်ခြင်းဖြစ်ပြီး အချို့နေရာဒေသများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပျက်စီး

လေပြင်း တိုက်ခတ်မှုကြောင့် နေအိမ်ပြိုလဲပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် သစ်ပင်ကြီးများ ပြိုလဲပြီး အိမ်များပေါ် လဲကျမှုကြောင့် နေအိမ်အချို့ ပျက်စီးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ရတနာပြပွဲကြည့်ရှုအားပေး ပြည်တွင်းပြည်ပ ရတနာကုန်သည် ၃၁၅၈ ဦး ရောက်ရှိ

ရန်ကုန် မတ် ၁၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်တို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက် ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်တို့သည် ပြပွဲ ဗဟိုကော်မတီဝင်များလိုက်ပါလျက် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက တင်ဒါအဆိုပြုလွှာများ ဖြည့်သွင်းနေမှုနှင့် တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုများကိုလည်းကောင်း၊ ခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်နှင့် ကျောက်စိမ်းအထည်ကျောက် အရိုင်းတုံးများကိုလည်းကောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်နှင့် ကျောက်စိမ်းအရိုင်းတုံးများကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၁၂၅၃ ဦးနှင့် ပြည်ပရတနာကုန်သည် ၁၉၀၅ ဦး စုစုပေါင်း ရတနာကုန်သည် ၃၁၅၈ ဦးတို့ ရောက်ရှိနေကြပြီဖြစ်သည်။

ရောင်းချ

ကျောက်မျက်ရတနာ အတွဲပေါင်း ၃၈၀ ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၂ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ၏ ကျောက်စိမ်းအတွဲများ ပြသရောင်းချမှုကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား မတ် ၈ ရက်မှ ၁၂ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈ တွဲကို ကြည့်ရှုလေ့လာခွင့် ပြုထားပြီး မတ် ၁၃ ရက်မှ မတ် ၂၀ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပြည်ပမှ ရတနာကုန်သည်များသည် မတ် ၁၂ ရက်တွင် ဆက်လက်ရောက်ရှိကြဦးမည်ဖြစ်သည်။

(သတင်းစဉ်)

မတ် ၁၀ ရက်က ကျင်းပသော တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ (၅၂)မြောက် ဝိဇာတမွေးနေ့မင်္ဂလာနှင့် သာသနနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲတွင် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်ကျင်သိန်းအား တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိန်မြင့်က ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

ဘရူနိုင်းဘုရင့်ဖလား (ယူ-၂၁)ဘောလုံးပြိုင်ပွဲ မြန်မာနှင့် ထိုင်း ယနေ့ ဗိုလ်လုပွဲယှဉ်ပြိုင်မည်

ရန်ကုန် မတ် ၁၁

သတင်းဆောင်းပါး - ကိုထွေး

တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အာဆီယံ အသက် (၂၁)နှစ်အောက် လူငယ် ဘောလုံးပြိုင်ပွဲ (Hassanal Bolklah Trophy for U-21 ASEAN Youth Football Championship 2007) ကို မတ် ၃ ရက်မှ စတင်၍ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘဂဝမ်မြို့၌ ကျင်းပလျက်ရှိရာ မတ် ၁၂ ရက် **(ယနေ့)** ဒေသစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မြန်မာလူငယ်ဘောလုံးအသင်းနှင့် ထိုင်းလူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တာဝန်ယူဆောင်ရွက်

ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် အသက်(၂၁)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမောင်ဝင်း (ညွှန်ကြားရေးမှူး၊ အား/ကာ ဦးစီးဌာန)၊ အုပ်ချုပ်သူအဖြစ် ဦးစိုးမြင့်လွင်(အမှုဆောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ နည်းပြချုပ်အဖြစ် ဦးညဏ်ဝင်း (စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုး (စီးပွား/ကူးသန်း)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအောင်ကျော်ဦး (အား/ကာ ဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)** ကျော်ဇင်ထက်၊ သီဟစည်သူ၊ **(နောက်တန်း)** ထူးကျော်၊ အေးဆန်း၊ အောင်ကျော်ဦး၊ ချမ်းချမ်း၊ ဇော်ထက်အောင်၊ မိုးဝင်း၊ ခင်မောင်လွင်၊ **(အလယ်တန်း)** ရာဇာဝင်းသိန်း၊ နေဝင်း၊ ပိုင်စိုး၊ အောင်မျိုးသန့်၊ ကျော်ဋ္ဌေးဦး၊ **(ရှေ့တန်း)** ပြည့်ဖြိုးဦး၊ လှအေးထွေး၊ ရဲဝေယံစိုး၊ စည်သူသန်းတို့ ပါဝင်ကြသည်။

ရှစ်သင်းသာ ပါဝင်ယှဉ်ပြိုင်

တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အာဆီယံ (ယူ-၂၁) လူငယ်ဘောလုံးပြိုင်ပွဲတွင် အင်ဒိုနီးရှားနှင့် လာအိုလူငယ်အသင်းတို့ မပါဝင်၍ အာဆီယံဒေသတွင်းမှ ရှစ်သင်းသာ ယှဉ်ပြိုင်ကြရသည်။ အုပ်စု(က)တွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့် စင်ကာပူ၊ အုပ်စု(ခ)တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်တို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များ မတ် ၈ ရက်က ပြီးဆုံးခဲ့ရာ အုပ်စု(က)မှ ထိုင်းအသင်းက အုပ်စုပထမ၊ မလေးရှားအသင်းက အုပ်စုဒုတိယ၊ အုပ်စု(ခ)မှ မြန်မာအသင်းက အုပ်စုပထမ၊ ကမ္ဘောဒီးယားအသင်းက အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည်။ အကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

၂၁ ဂိုးသွင်းယူ

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဖိလစ်ပိုင်ကို ကိုးဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားကို ခုနစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာလူငယ်အသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ လေးပွဲကစားရာတွင် ၂၁ ဂိုးသွင်းယူပြီး နှစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို စည်သူသန်းက ငါးဂိုး၊ ပြည့်ဖြိုးဦးက လေးဂိုး၊ အောင်မျိုးသန့်က သုံးဂိုး၊ လှအေးထွေး၊ ထူးကျော်နှင့် ရဲဝေယံစိုးတို့က နှစ်ဂိုးစီ၊ ရာဇာဝင်းသိန်း၊ ဇော်ထက်အောင်နှင့် ကျော်ဋ္ဌေးဦးတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။

ထိုင်းလူငယ်အသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် မလေးရှားအသင်းကို လေးဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်းလူငယ်အသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ လေးပွဲကစားရာတွင် ၂၁ ဂိုးသွင်းပြီး တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။

ပူးတွဲတတိယရခဲ့

ပထမအကြိမ် ဘရူနိုင်းဘုရင့်ဖလား အာဆီယံ (ယူ-၂၁) လူငယ်ဘောလုံးပြိုင်ပွဲကို ၂၀၀၂ ခုနှစ် ဩဂုတ်လအတွင်းက ဘရူနိုင်းနိုင်ငံ၌ကျင်းပခဲ့ရာ အာဆီယံဒေသတွင်းမှ ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး ဘရူနိုင်းကို ငါးဂိုး-ဂိုးမရှိ၊ မလေးရှားကို တစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားကို ခုနစ်ဂိုး-ဂိုးမရှိ၊ လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ထိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ပြီး မလေးရှားအသင်းနှင့် ပူးတွဲတတိယ ရရှိခဲ့သည်။

ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရ

ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အာဆီယံ (ယူ-၂၁) လူငယ်ဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ် မတ်လအတွင်းက ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့ရာ ကမ္ဘောဒီးယားမှလွဲ၍ အာဆီယံဒေသတွင်းမှ ကိုးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး စင်ကာပူကို ခြောက်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး လာအိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အကြိုဗိုလ်လုပွဲစဉ်၌ ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲတွင် ထိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

အတွေ့အကြုံပိုင်း အားသာ

တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အာဆီယံ (ယူ-၂၁) လူငယ်ဘောလုံးပြိုင်ပွဲဝင် မြန်မာလူငယ်ဘောလုံးအသင်းတွင် လက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာဘောလုံးပြိုင်ပွဲများ ကစားဖူးသော အားကစားသမားကိုးဦးပါဝင်နေရာ ပြိုင်ဘက်အသင်းများထက် အတွေ့အကြုံပိုင်း အားသာချက်ရှိနေသည်။ မြန်မာလူငယ်အသင်းသည် ပြီးခဲ့သည့်ပြိုင်ပွဲ နှစ်ကြိမ်၌ တတိယ၊ ဒုတိယတို့ဖြင့်သာ ကျေနပ်ခဲ့ရသည်ဖြစ်ရာ ယခုပြိုင်ပွဲ၌ ထိုင်းလူငယ်အသင်းကို အနိုင်ကစားပြီး ချန်ပီယံဆုဖလားရရှိနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှစ်ပတ်လည်စည်းဝေး စာရေးဆရာမကြီးဒေါ်ရင်ရင်(စောမုံညင်း)အားဂုဏ်ပြု

ရန်ကုန် မတ် ၁၁

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ၂၀၀၅ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရရှိသည့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဂုဏ်ထူးဆောင်အဖွဲ့ဝင် စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)အား ဂုဏ်ပြုပွဲကျင်းပရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်က ဂုဏ်ပြုအမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)၏ အတ္ထုပ္ပတ္တိကို ဖတ်ကြား၍ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာရေးဆရာမကြီးအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

(၃၃)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်နှင့် (၉)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို မတ် ၄ ရက်က အောင်ဆန်း အားကစားပြိုင်ဝင်းမိုးလုံလေလုံပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က တံခွန်စိုက်ဆုပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

၇၅ နှစ် သက်တမ်းရှိပြီဖြစ်သော မွန်ပြည်နယ် ရိုးဂိုးကျေးရွာမှ လက်ရက်ကန်းလုပ်ငန်း

ကွင်းဆင်းတွေ့ဆုံမေးမြန်းသူ-နုနုရီနှင့်တင်တင်ဝင်း၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



အကွက်ဖော်ပြီးသောချည်များကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၁

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် One Village One Product "ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်း တစ်ခု၊ နိုင်ငံအကျိုးပြု"လုပ်ငန်း စီမံချက်ကို လက်တွေ့အကောင်အထည် ဖော်ဆောင်လျက်ရှိသည်။

မြန်ဆန်

ချည်များကို ဤသို့ ရက်လုပ်နေသည်မှာ မြန်ဆန်လှသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

သွားရောက်

ထိုသို့ အကောင်အထည်ဖော်ရာတွင်"တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း"ဆိုသကဲ့သို့ မည်သည့် အရပ်ဒေသက မည်သည့်ကုန်ပစ္စည်းထွက်ရှိ၍ မည်ကဲ့သို့ ထုတ်လုပ်သည်ကို ပြည်သူတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့က ဒေသထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာဒေသများသို့ ကိုယ်တိုင် သွားရောက်၍ တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းအစီအစဉ်အရ မွန်ပြည်နယ်သို့ သွားရောက်ရမည့် မြန်မာ့အလင်း သတင်းအဖွဲ့သည် မတ်၅ရက် နံနက်စောစော ရထားဖြင့် ရန်ကုန်မှ မွန်ပြည်နယ်သို့ ခရီးနှင်ခဲ့သည်။ မြန်မာ့အလင်းသတင်းအဖွဲ့ မော်လမြိုင်သို့ ရောက်ရှိချိန်မှာ ယင်းနေ့နံနက် ၁၁နာရီကျော်ဖြစ်သည်။

တရိပ်ရိပ် ခုတ်မောင်းနေသော ရထားဖြင့် ငြိမ့်ညောင်းသက်သာ လိုက်ပါစီးနင်းခွင့် ရရှိခဲ့သည်။ ရထားခုတ်မောင်းရာ လမ်းတစ်လျှောက်တွင် လေယူရာ ယိမ်းနွဲ့နေကြသော စပါးခင်းများ၊ စိမ်းစိုနေသောစိုက်ခင်းများ၊ ညို့မှိုင်းနေသော တောင်ကုန်းတောင်တန်းများကို မြင်တွေ့ရသည်မှာ စိတ်ကြည်နူးမှုကို ဖြစ်ပေါ်စေသည်။

မည်သို့ပင်ဖြစ်စေ၊ ခရီးသွားရခြင်းသည် မိမိ၏နေအိမ် သို့မဟုတ် လုပ်ငန်းခွင်အတွင်း မွန်းကျပ်မှုများကို ခေတ္တခဏ ပြေပျောက်စေသည်။ ထို့အပြင် ခရီးသွားခြင်းဖြင့် ဒေသန္တရ ဗဟုသုတလည်းများစွာရရှိပြီး မိတ်ဆွေအပေါင်းအသင်းများလည်း တိုးပွားသဖြင့် ခရီးသွားသည့်အမှုကို လူတို့ ပြုလုပ်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ကောင်းမွန်

မွန်ပြည်နယ်သည် ရေးယခင်ကပင် လမ်းပန်း ဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းတို့ကောင်းမွန်ခဲ့သည်။ ထိုသို့ ကောင်းမွန်ခဲ့သည်ကို အားဖြည့်ပေးခဲ့သည်မှာ မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် အရှည်ဆုံး မြစ်ကူးတံတားဖြစ်သည့် သံလွင်တံတား (မော်လမြိုင်) ဖြစ်သည်။ ယင်းတံတား၏ အကျိုးကျေးဇူးကြောင့် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်ဆန်ခဲ့သည်။

ရက်လုပ်

လုံချည်ကွင်းဖြစ်အောင် ဤသို့ ရက်ကန်းရက်လုပ်ရသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



ချည်ချော လုံချည်

မွန် ပြည် နယ် ရိုးဂိုး ကျေးရွာမှ လက် ရက် ကန်း ဖြင့် ရက်လုပ်ထားသော ချည်ချော လုံချည်များ။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မွန်ပြည်နယ်တွင်ရက်ကန်းလုပ်ငန်း၊ ငရုတ်ကောင်းခြံလုပ်ငန်း၊ ဓနိဖက်ထိုးလုပ်ငန်း၊ ဖယောင်းတိုင်လုပ်ငန်း၊ ငါးစည်ဖောင်းနေလှန်းလုပ်ငန်း၊ ဆေးတံလုပ်ငန်း၊ တုတ်ကောက်လုပ်ငန်း၊ ဘောလ်ပင်၊ ပလတ်စတာသားရေကွင်း၊ ရော်ဘာပူဖောင်းလုပ်ငန်း၊ ကျောက်သင်ပုန်း၊ ကျောက်တံလုပ်ငန်း၊ အုန်းဆံကြိုး၊ ခြေသုတ်ခုံ၊ ကြက်မွေးတံမြက်စည်းလုပ်ငန်း၊ ဒူးရင်း၊ ကြက်မောက်၊ ရော်ဘာလုပ်ငန်း၊ ဆားလုပ်ငန်း၊ လိပ်သဲကျောက်ထုတ်လုပ်မှုလုပ်ငန်း၊ ဥယျာဉ်ခြံထွက်သီးနှံလုပ်ငန်း၊ စဥ့်ခွက်၊ ရော်ဘာအစေးခံခွက်၊ တောင်ထန်းအမိုးဖျာလုပ်ငန်း၊ ယိုစုံလုပ်ငန်း၊ ကျိုက်ထီးရိုး ဘုရားလက်ဆောင် ပြုလုပ်သည့်လုပ်ငန်းဟူ၍ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများစွာရှိသည့်အနက် လူသိများထင်ရှားသည့်လုပ်ငန်းများ အကြောင်းကို လက်လှမ်းမီသရွေ့ ဖော်ပြသွားမည်ဖြစ်ပါသည်။

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

ရှေးဦးစွာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက် တွေ့ဆုံမေးမြန်းသည့်နေရာမှာ ဖားအောက်၊ ကော့ခမယ်၊ ကော့စပို၊ ရိုးဂိုးကျေးရွာများရှိ ရက်ကန်းလုပ်ငန်းများအနက် ရိုးဂိုးကျေးရွာရှိ ဦးကျော်ရွှေ-ဒေါ်မိ တို့၏ လက်ရက်ကန်းရုံ ဖြစ်သည်။

ရက်ကန်းရုံပိုင်ရှင် ဦးကျော်ရွှေက ပြောကြားရာတွင် မိရိုးဖလာလုပ်ငန်းဖြစ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်မှာ မိဘစဉ်ဆက်မှစ၍ ၎င်း၏ လက်ထက်အထိ နှစ်ပေါင်းအားဖြင့် ၇၅နှစ်ခန့်ရှိပြီဖြစ်ကြောင်း မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ထုတ်လုပ်ပုံ

ထုတ်လုပ်ပုံ အဆင့်ဆင့်ကိုပြောကြားရာတွင် ကုန်ကြမ်းအဖြစ် မန္တလေးစက်မှုဇုန်မှ ချည်များကို ဝယ်ရကြောင်း၊ ဝယ်ပြီးချည်ကို တည်င်းလုံးနှင့် ငင်ရကြောင်း၊ တည်င်းလုံးနှင့် ချည်ငင်ပြီးလျှင် ရက်ကန်းစင်နှင့်ပြန်ဆွဲရကြောင်း၊ ဆွဲပြီးလျှင် အသား ဖော်ရကြောင်း၊ ရစ်လုံးအသေးနှင့်ဆွဲပြီး အရောင်ဖော်ရကြောင်း၊ ပြီးလျှင်သားရေပင်နှင့် ချည်၍ အကွက်ဖော် အရောင်ဆိုးရကြောင်း၊ လိုချင်သည့် အရောင်ဆိုးပြီးလျှင် နေလှန်းအခြောက်ခံရကြောင်း၊ နေလှန်းအခြောက်ခံပြီးပါက လုံချည်ကွင်းဖြစ်အောင် ရက်ကန်းစင်သွင်းရကြောင်း၊ လုံချည်ကွင်း တစ်ကွင်းကို နှစ်ကိုက်ဖြတ်ရကြောင်း၊ အနံမှာ ၄၂လက်မရှိကြောင်း၊ ချည်အမျိုးအစားမှာ စီလွန်နှင့်၁/၂၀ဟူ၍နှစ်မျိုးရှိကြောင်း၊ စီလွန်ချည်မှာ ကွင်းရက်လုပ်ရာတွင် အသုံးပြုပြီး ၁/၂၀မှာ အကွက်ဖော်ရာတွင် အသုံးပြုရကြောင်း၊ ရက်ဖောက်ကို လွန်းအိမ်ထဲထည့်ပြီး ရက်ကန်းစင်မှာ ရက်ရကြောင်း၊ လွန်းပြေးပါက တဖြည်းဖြည်း အသားတက်လာကြောင်း ရှင်းပြပါသည်။

အဓိကထားတင်ပို့

၎င်း၏ ရက်ကန်းစင်တွင် ရက်ကန်းစင် ၁၀စင်ရှိကြောင်း၊ ရက်ကန်းစင် တစ်စင်တွင် အလုပ်သမားတစ်ဦးကျရှိ၍ အလုပ်သမား၁၀ဦးရှိကြောင်း၊ တစ်နေ့လျှင် တစ်စင်ကို ၁၀ထည်ထွက်ကြောင်း၊ အလုပ်သမား တစ်ယောက်၏ တစ်လဝင်ငွေမှာ ကျပ်လေးသောင်းခန့်ဖြစ်ပြီး ပိုင်ရှင်အနေဖြင့် တစ်လလျှင် ငွေကျပ်တစ်သိန်းခွဲနှင့် နှစ်သိန်းခန့် မြတ်ကြောင်း၊ အလုပ်သမားများ၏ အလုပ်ဝင်ချိန်မှာ နံနက်စောစောမှ ညနေ၄နာရီနောက်ပိုင်း ဖြစ်ကြောင်း၊ ဈေးကွက်မှာ မော်လမြိုင်နှင့် ဘားအံမြို့များသို့ အဓိကထားပို့ကြောင်း၊ အမျိုးသမီးဝတ်သာ(သီးသန့်)ထုတ်လုပ်ပြီးရောင်းဈေးမှာ ငွေကျပ်၂၀၀၀မှ ကျပ်၂၃၀၀ အထိရှိကြောင်း ရှင်းပြသည်။

မည်သို့ပင်ဖြစ်စေ၊ မိရိုးဖလာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် အိုးမကွာအိမ်မကွာ လုပ်ရသောလုပ်ငန်းဖြစ်ပြီး အချိန်ကုန်သက်သာ၍ လုပ်ငန်းလည်းတွင်ကျယ်သဖြင့် ရှေးဘိုးဘွား လက်ထက်မှစ၍ ယခုလက်ရှိ သားစဉ်မြေးဆက်တိုင်အောင် ဆက်လက်၍ တည်တံ့ခိုင်မြဲနေဦးမည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြည်လုံးချမ်းသာ မဟာမုနိစေတီ ဘက်စုံပြုပြင်ရန် ငွေလှူဒါန်းနိုင်

ရန်ကုန် မတ် ၁၁

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာရှိ ပြည်လုံးချမ်းသာ မဟာမုနိစေတီအား ဘက်စုံပြုပြင် မွမ်းမံလျက်ရှိရာ စေတနာသဒ္ဓါတရားထက်သန်၍ လှူဒါန်းလိုပါက ဒေါ်ကြည်ကြည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းသွယ် ၃ တိုက်၂ အခန်း၁ ဖုန်း-၅၅၈၅၂၇ (၁၂၆)နှင့် သပြေကုန်းဂေါပကအဖွဲ့ ဖုန်း-၀၄၄-၂၁၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၃-၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၂၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀	၈။	International News
၈း၄၅	၉။	Grammar made Easy
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ)[ရုက္ခဗေဒ]
၁၆း၄၅	၄။	အကပဒေသာ
၁၆း၅၅	၅။	မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ
၁၇း၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇း၂၀	၇။	တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၃၅	၈။	**"လေကားသုံးထစ် ဆင်းတဲ့အခါ"** အရိုင်း၊မင်းသူ၊အေးသီတာ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၁၇း၄၅	၉။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၁၉း၀၀	၁၃။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ "နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ"
၁၉း၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင် ခြားသော်လည်း"** (အပိုင်း-၂)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၃၀)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

လုပ်ငန်းများစွမ်းရည်မြင့်မားအောင် ဆောင်ရွက် ရေယာဉ်၊ တွဲယာဉ်များ အသွင်အပြင်ကောင်းမွန်အောင်ပြုပြင်

ရန်ကုန် မတ် ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဥက္ကာထွန်းအောင်သည် အထွေထွေမန်နေဂျာနှင့် ဌာနမှူးများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ရန်ကုန်မြစ် ရေလမ်းကြောင်းအခြေအနေ၊ ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်လာမှု၊ ခရီးသည်များ ပန်းဆိုးတန်း-ဒလသို့ လိုက်ပါစီးနင်းမှု၊ ပြေးဆွဲခုတ်မောင်းနေသည့် ခရီးသည်တင် ရေယာဉ်များ ပြေးဆွဲနေမှုတို့ကို လည်းကောင်း၊ ဒလသင်္ဘောကျင်းတွင် ကျင်းတင်ပြုပြင်နေသော နှစ်ထပ်ခရီးသည်တင် "အောင်တံခွန်-၇"ရေယာဉ်၊ "သလ္လာဝတီ(၁)" ရေယာဉ်များ ကျင်းတင်ပြင်ဆင်နေမှု၊ အင်ဂျင်နီယာမှူးကြီးရုံးအနီး စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့်အလုပ်ရုံတွင် အင်ဂျင်စက်ကြီးများ မွမ်းမံပြင်ဆင်နေမှုကို လည်းကောင်း၊ ကမ်းထိုးဇက်ရေယာဉ်များ ပြုပြင်နေမှု၊ တန် ၅၀၀ ကုန်သေတ္တာတင် တွဲရေယာဉ်အသစ်တည်ဆောက်နေမှုနှင့်ပြီးစီးမှု၊ "တခ" ကုန်တွဲရေယာဉ်များကို ကိုယ်ထည်အလျား တိုးချဲ့တည်ဆောက်မည့် အခြေအနေနှင့် ရေယာဉ်များအရေးပေါ် ဆိုက်ကပ်တိုင် (DOLPHIN) အသစ် တည်ဆောက်ပြီးစီး နေမှုတို့ကိုလည်းကောင်း အသေးစိတ်လိုက်လံ ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြုပြင်ဆောင်ရွက်

ထို့နောက် သင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမဆောင်၌ သက်ဆိုင်ရာ ရေယာဉ်ပြင်ဌာနစုမှ သင်္ဘောကျင်းတာဝန်ခံ အင်ဂျင်နီယာများ၊ လက်ထောက်အင်ဂျင်နီယာများနှင့် တွေ့ဆုံရာ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်း၏ နောက်ခံသမိုင်းနှင့် သင်္ဘောကျင်းကြီး စတင်ပေါ်ပေါက်လာပုံကို လည်းကောင်း၊ သင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က ဒလသင်္ဘောကျင်း၏ ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ စီမံကိန်းလျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်မှု၊ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်း၊ အသေးစားပြင်ဆင်ခြင်း၊ ၂၀၀၆ ခုနှစ် ဧပြီမှ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီအထိ စက်ရှိ၊ စက်မဲ့ ရေယာဉ်တွဲ ယာဉ်များပြင်ဆင်မှု၊ တန်၅၀၀ ကုန်သေတ္တာ တင်တွဲရေယာဉ်သစ်တည်ဆောက်ခြင်း၊ သံပြားသံကိုင်းများ ရရှိမှုသုံးစွဲမှု၊ ဘဏ္ဍာရေးနှစ်အတွင်း ရေယာဉ်များ စက်အသစ်တပ်ဆင်ခြင်း၊ အောက်စီဂျင်ဓာတ်ငွေ့ထုတ်လုပ်ဖြန့်ဖြူးမှု၊ စက်သုံးဆီသုံးစွဲမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဖြစ်ထွန်းမှုနှင့်ပတ်သက်၍ ဗီဒီယိုဆလိုက်ရှိုးဖြင့် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက Safety First လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ဝန်ထမ်းများစည်းကမ်းရှိစေရေး၊ စိတ်ဓာတ်၊စည်းကမ်း၊သစ္စာရှိရေး၊ စည်းလုံးညီညွတ်မှု ရှိစွာဖြင့် လုပ်ငန်းများ စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ကြရေး၊ ဝင်ငွေပိုမိုရှာဖွေပေးနိုင်ရေး၊ စိတ်ကောင်းစေတနာ ကောင်းများထားရှိရေး၊ ရေယာဉ်တွဲယာဉ်များ အသွင်အပြင်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ကြရေးတို့ကို အသေးစိတ် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ စည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၁၁

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ဂနာရီခွဲက နေပြည်တော်ရှိ စစ်ရေးပြစုရပ်ကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး၊ စစ်ရေးပြ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်၊ စစ်ကြောင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီမံခန့်ခွဲရေးကော်မတီနှင့်လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်ကြိုးပမ်း

ညှိနှိုင်းအစည်းအဝေးတွင်(၆၂)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားရာ၌ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ အနေဖြင့် တပ်မတော်နေ့စစ်ရေးပြ စစ်ကြောင်းကြီးများအတွက် လိုအပ်သည်များကို ယခုညှိနှိုင်းအစည်းအဝေးတွင် တင်ပြကြရန်ဖြစ်ကြောင်း၊ စစ်ရေးပြကြမည့် တပ်မတော်သားများ၊ အားမာန်အပြည့်ဖြင့် စစ်ရေးပြနိုင်ရေးအတွက်အဘက်ဘက်မှ လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ အထူးသဖြင့် စခန်းအုပ်ချုပ်ရေးအဖွဲ့များက စစ်ရေးပြတပ်မတော်သားများ ကျန်းမာကြံ့ခိုင်ရေး၊ နေထိုင်စားသောက်ရေး၊ စစ်ရေးပြလေ့ကျင့်ရေး၊ စစ်ရေးပြစစ်သည်များ အပန်းဖြေစေရေးအတွက် ဖျော်ဖြေ ရေးများတွင် အစဉ်ပြေပြောမွေ့စေရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စီမံခန့်ခွဲရေးကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေး ကော်မတီနှင့် လုပ်ငန်း အဖွဲ့များ၏ လုပ်ငန်းတာဝန်အများစုမှာ ဆောင်ရွက်ပြီးဖြစ် သော်လည်း တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပ မည့်နေ့ရက် နီးကပ်လာသည်နှင့်အမျှ ဆောင်ရွက်ရန်ကျန်ရှိသည်များကိုအမြန်ဆုံးပြီးစီးအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်တို့က စစ်ရေးပြအဆင့်အတန်းမြင့်မားရေး အတွက် စစ်ရေးပြလေ့ကျင့်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အကောင်းဆုံးစစ်ရေးပြတပ်ခွဲရွေးချယ်ဆုချီးမြှင့် ရေး လုပ်ငန်းအဖွဲ့၊ စခန်းအုပ်ချုပ်ရေး လုပ်ငန်းအဖွဲ့၊ ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းအဖွဲ့၊ တပ်မတော်နေ့လမ်းတစ်လျှောက်စာတန်းများ၊ ဆောင်ပုဒ်များ ပြင်ဆင်ရေးကော်မတီ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊မုခ်ဦးတည်ဆောက်ရေးနှင့် ကွင်းပြင်ဆင်ရေးလုပ်ငန်းအဖွဲ့နှင့် တာဝန်ရှိသူများကလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် (၆၂)နှစ်မြောက် တပ် မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို နံနက် ၉နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သန်လျင်၌ ခရေရိပ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်သည့် ခရေရိပ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ်၇ရက်က သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်ရှိ အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ရီက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စေတနာရှင်၊ အလှူရှင်များက စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်အပါအဝင် ပရိဘောဂများနှင့် သုတ၊ ရသ စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်များသည် စာကြည့်တိုက်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေသည် ရပ်ကွက်ဓမ္မာရုံ၌ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့က သန်လျင်မြို့နယ် အတွင်းရှိ အမျိုးသမီးများအား အသေးစားချေးငွေ Micro Credit ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ချေးငွေများကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်း လုပ်ငန်းခွင်စစ်ဆေးမှူး သင်တန်းဆင်း

ရန်ကုန် မတ် ၁၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ငါးလုပ်ငန်း လုပ်ငန်းခွင် စစ်ဆေးမှူးသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၉ရက် ညနေပိုင်းက အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင် သိပ္ပံခန်းမဆောင်၌ ကျင်းပရာအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ဒေါက်တာ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်း ၂၅ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ဖွင့်လှစ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း အရောင်းဆိုင် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ (ဒဂုံမြို့သစ်ဆိပ်ကမ်း) မြို့နယ် ဧရာဝဏ်လမ်းနှင့် ပဲခူးမြစ်လမ်းထောင့်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၂၁) ၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဖဲကြိုးဖြတ်၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက စက်ခလုတ်နှိပ်၍ အရောင်းဆိုင် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လိုအပ်သမျှရောင်းချပေး

ရန်ကုန်မြို့နယ်နိမိတ်အတွင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အသစ်များကို ဖွင့်လှစ်ခဲ့ရာ ဆိုင်အဟောင်းနှစ်ဆိုင် အပါအဝင် စုစုပေါင်း ၂၁ ဆိုင်ရှိသွားပြီ ဖြစ်သည်။ ယခုအခါ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲသုံးစွဲလျက်ရှိသော သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် CNG အရောင်းဆိုင်သစ်များကို အမြန်ဆုံးတိုးချဲ့ ဖွင့်လှစ်သွားနိုင်ရေးအတွက် စက်ပစ္စည်းများ မှာယူထားရှိပြီးဖြစ်သည်။ ပစ္စည်းရောက်ရှိလာမှု အခြေအနေပေါ် မူတည်၍ CNG ဆိုင်အသစ်များ ဆက်တိုက် ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အဆိုပါဆိုင်များက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များကို ၂၄ နာရီပတ်လုံး အကန့်အသတ်မရှိ လိုအပ်သမျှ ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့နယ် ဆားတောင်စံပြရွာတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ဆရာတော်၊ ဆားတောင်ဂန္ဓာမြိုင်စံပြ ပရဟိတဆရာတော်တို့၏ ဦးဆောင်မှုဖြင့် ကျပ်သိန်းသုံးထောင်ကျော်ကုန်ကျမည့် ခုတင် ၄၀ ဆံ့ သီတဂူ ဗြဟ္မာယုဆေးရုံတော်ကြီး အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဦးညိုမောင်–ဒေါ်ခင်သန်းဦး သမီး မယဉ်မြတ်မွန်၊ သား မောင်ညိုမင်းသန့် လေဆိပ်ရိပ်သာလမ်း ၁၀ မိုင် အင်းစိန်မြို့နယ် ရန်ကုန်မိသားစု၏ လှူဒါန်းငွေကျပ် နှစ်သိန်းကို ဆေးရုံဖြစ်မြောက်ရေး အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ နန္ဒာသဘ (ဓမ္မကထိက ဗဟုဇနဟိတရေ)၏ ရှေ့မှောက်တွင် လှူဒါန်းရာ အကျိုးတော်ဆောင် ဦးဌေးမောင်(ရန်ကုန်)က လက်ခံယူစဉ်။ (က–ပ)

အေးမြချမ်းသာ မဟာစည်ရိပ်သာကျောင်းတိုက် သင်္ကြန်အထူးတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၇ ရပ်ကွက် အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တသီရိဓမ္မ (B.A ပါဠိဂုဏ်ထူး)နှင့် ဆရာတော်များက ဧပြီ ၇ ရက်မှ ဧပြီ ၁၇ ရက်အထိ ဟောကြား ပြသမည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သီလရှင်၊ ယောဂီများ ကြိုတင်စာရင်းသွင်း၍ ယောဂီများ ဧပြီ ၇ ရက် ညနေ ၄ နာရီအရောက် သတင်းပို့ကြရန်နှင့် ရိပ်သာ ဖုန်း–၀၁–၅၈၅၀၄၃ သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်း အသင်းဝင်အဆိုပြုလွှာလက်ခံ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မတ် ၉ ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးမြို့နယ် ၃၁ မြို့နယ်မှ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများအား တွေ့ဆုံမှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညောင်လွန့်ကျေးရွာ၌ အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာတွင် အမှာစကားပြောကြားစဉ်။ (စက်မှု–၁)

ဝန်ကြီးသည် မတ် ၁၀ ရက် နံနက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနရပ်ကွက်ရှိ တိပိဋကသန္တာဝါသ ပရိယတ္တိ စာသင်တိုက် ပဓာန နာယက ရေစကြိုဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ဓမ္မဘဏ္ဍာဂါရိကာသိမ်တော်၌ ကျင်းပသော ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ၏ သက်တော် (၅၂)နှစ်မြောက် ဝိဇာတမင်္ဂလာနှင့် စာအောင်ရဟန်း၊ သာမဏေများ ပူဇော်ပွဲမင်္ဂလာသို့ တက်ရောက်ကြည်ညိုသည်။

ဆက်ကပ်

အစီအစဉ်အရ ဝန်ကြီးနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များနှင့် စာအောင်သံဃာတော် ၂၇ ပါးတို့အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋကဓရ ဆရာတော်က အနုမောဒနာတရားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

အဆိုပြုလွှာပေးအပ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အုပ်စု ညောင်လွန့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲကို ကျင်းပရာ ညောင်လွန့်အုပ်စု၊ ဥသျှစ်ကုန်းအုပ်စု၊ မကျီးပင်အုပ်စု၊ ကြိုးကြားအင်းအုပ်စု၊ အင်ပင်အုပ်စု၊ တဲမြင့်အုပ်စုနှင့် ကြက်သွန်ခင်းအုပ်စုတို့မှ စုစုပေါင်းအသင်းဝင် အဆိုပြုလွှာစောင်ရေ ၂၀၅၀ ကို ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူးက လက်ခံသည်။

ရှင်းလင်း

ဆက်လက်၍ ညောင်လွန့်ကျေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဦးညွန့်တင်က အသင်းဝင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး ညောင်လွန့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ငွေကျပ်ငါးသိန်းနှင့် ဥသျှစ်ကုန်းကျေးရွာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အသုံးပြုရန် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် မတ် ၁၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ 'အယ်ဒီတာ့ဒိုင်ယာရီ'၊ ခမ်းနားလှပ နေပြည်တော်ညနှင့် အကယ်ဒမီရင်ခုန်သံ၊ မော်တော်ယာဉ်အရှိန်ပြင်းမောင်းနှင်လျှင် အချက်ပေးကိရိယာ မြန်မာအင်ဂျင်နီယာများ အောင်မြင်စွာ တီထွင်နိုင်၊ ပြည်ပမျိုးကြက်သားပေါက်များ တင်သွင်းခွင့် အချိန်အတိုင်းအတာတစ်ခုအထိ ခေတ္တပိတ်ထားမည်၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံး ၂၅ ထပ်အဆောက်အအုံ ယခုနှစ်ကုန် ဖွင့်မည်၊ လာမည့်ဆယ့်ငါးနှစ်အတွင်း စက်မှုကဏ္ဍ ဂျီဒီပီပါဝင်မှု ၃၇ ရာခိုင်နှုန်းရှိစေရန် လျာထားဆောင်ရွက်နေ စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ပရီးမီးယားရာသီကုန်ခါနီးချိန် ဘယ်သူကဖလားပိုက်လို့ ဘယ်သူတွေ တန်းဆင်းရမှာလဲ'အားကစားဆောင်းပါးနှင့်အတူ စီအိုင်အေအေးဂျင့် ဗယ်လာရီပလိမ်းအကြောင်း ရုပ်ရှင်ဖန်တီးရန်ရှိ၊ နှစ်ပေါင်း ၃၀ ကျော် ပျောက်နေသော 'ရှုရှားစာသင်ခန်း' ပန်းချီကား ပြန်တွေ့ပြီ၊ လဝန်းပြည့် လငပုပ်ဖမ်းခြင်း သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်၊ ရှုရှားအမျိုးသမီး ကမ္ဘာလှည့်ဧည့်နှစ်ဦး ထိုင်း၌အသတ်ခံရမှု တရားခံဖော်ထုတ်နိုင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

လားရှိုးမြို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဆောက်လုပ်ရေး ခြောက်ခန်းတွဲတန်းလျား၌ မတ် ၁၁ ရက် နံနက် ၁ နာရီကျော်ခန့်တွင် လျှပ်စစ်မီး ဝါယာရှော့မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ယင်းခြောက်ခန်းတွဲ တန်းလျားတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုလေးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❐ ကျောဖုံးမှ

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်က ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း စက်မှုဇုန်များ တည်ရှိမှုအခြေအနေ၊ စက်မှုဇုန်များ၏ အခြေခံအချက်အလက်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီအောက်ရှိ စက်မှုဇုန်များအလိုက် ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေပြည်သာစက်မှုမြို့ အပိုင်း(၂)၊(၃)နှင့်(၄) စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းသန်းဌေးက ရွှေပြည်သာစက်မှုဇုန်နှင့်စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားထွက်ရှိမှုအခြေအနေ၊ ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုနှင့်ဖြန့်ဖြူးမှု၊ ယခင်စက်မှုဇုန်များအား လျှပ်စစ်ဓာတ်အားပေးမှု မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးမှု၊ စက်မှုဇုန်များရှိ စက်ရုံများသို့ ညပိုင်းတွင် လုပ်ငန်းများလုပ်ကိုင်နိုင်ရေးအတွက် လျှပ်စစ်မီးတိုးချဲ့ဖြန့်ဝေသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စက်မှုဖွံ့ဖြိုးရေး

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်း၏ အသားတင်ထုတ်လုပ်မှု၊ ယင်းအနက် ၃၀ရာခိုင်နှုန်းမှာ စက်မှုကဏ္ဍမှဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် လျှပ်စစ်ဓာတ်အား ပိုမိုရရှိလာသဖြင့် စက်မှုဇုန်များမှ ကုန်ထုတ်လုပ်မှုပမာဏ မြင့်မားလာကြောင်း၊ မိမိတို့စက်ရုံများမှထွက်ရှိသော ပစ္စည်းများနှင့် အရည်အသွေးတို့ကို စုပေါင်း၍ စာအုပ်ထုတ်ပြီး Website တွင် တင်ထားပါက ပြည်တွင်းမှာသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စက်မှုလုပ်ငန်းရှင်များက ဝိုင်းဝန်းကူညီသွားကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့မှာ စီးပွားရေးမြို့တော်ဖြစ်ပြီး ရန်ကုန်တိုင်း၏ စီးပွားရေးအောင်မြင်ဖြစ်ထွန်းပါက နိုင်ငံတော်၏စီးပွားရေး အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ရာ စက်မှုလက်မှုလုပ်ငန်းရှင်များက ပါဝင်ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ကလည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

စက်မှုလက်မှု လုပ်ငန်းရှင်များက မိမိတို့၏အကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ စက်မှုဇုန် အပိုင်း(၁၀) ဦးထွန်းညိုလမ်းရှိ အဏ္ဏဝါလွှမ်း ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ငါးမြစ်ချင်း၊ ငါးပတ်၊ ငါးကြင်း၊ ငါးတန်၊ တီလားဗီးယားနှင့် ငါးကြောင်းငါးများအား ပြည်ပဈေးကွက်သို့ တင်ပို့ရန်အတွက် ထုပ်ပိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဗန်းမော် အတွင်းဝန်လမ်းရှိ ခိုင်သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း၌ ပရိဘောဂပစ္စည်းများကို စက်ယန္တရားများသုံး၍ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ မင်းကြီးမဟာမင်းခေါင်လမ်းရှိ FAME ဆေးဝါးထုတ်လုပ်ရေး စက်ရုံ၌ စံချိန်စံညွှန်းနှင့်အညီ သဘာဝဆေးဝါးအမျိုးအစားပေါင်း ၅၄ မျိုးတို့ကို ခေတ်မီစက်ကိရိယာများသုံး၍ ထုတ်လုပ်နေမှုနှင့် သိုလှောင်ရုံများအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရွှေပြည်သာ စက်မှုဇုန်(၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းရှိ Fair Sum Mould and Die Industry သို့ ရောက်ရှိပြီး စက်ကိရိယာသုံးမိုလ်နှင့် ဒိုင်များအား ကွန်ပျူတာစနစ်အသုံးပြုပြီး စက်ယန္တရားများနှင့် ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ရက်က စောရန်ပိုင်(တောင်)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ရွှေငုဝါကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ စာအုပ်မျိုးစုံ အုပ် ၅၀ ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည် သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာတွင် တတိယ အကြိမ်မြောက် လူငယ်များယဉ်ကျေးမှုသင်တန်း တရားစခန်းကို မတ် ၂၉ ရက်မှ ဧပြီ ၇ရက်အထိလည်းကောင်း၊ (၂၁)ကြိမ်မြောက် လူကြီးတရားစခန်းကို ဧပြီ ၁၀ ရက်မှ ၂၅ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ ဝိပဿနာ တရားများကိုခံယူလျက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာမှ ဆရာတော်များဖြစ်ကြသည့် ဦးပညာဇောတ(ဓမ္မာစရိယ)နှင့် ဦးဓမ္မလင်္ကာရ(ဓမ္မာစရိယ)တို့က တရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။

လူငယ်တရားစခန်းဝင်လိုသူများသည် မတ်၂၈ရက်နောက်ဆုံးထား၍လည်းကောင်း၊ လူကြီးတရားစခန်းဝင်လိုသူများသည် ဧပြီ ၉ ရက်နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများလှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာ ၃ ရပ်ကွက် ကလောမြို့ ဖုန်း–၀၈၁–၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် ၅ ရပ်ကွက် ကလောမြို့၊ ဒေါ်နုနု(နုရတနာရွှေဆိုင်) ၄ ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း(ပြည့်စုံစတိုး) ၃ ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ် ၁ ရပ်ကွက် အောင်ပန်းမြို့၊ ဦးမောင်မောင်(မိုးမိတ္တူ) ၁ ရပ်ကွက် အောင်ပန်းမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

● ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဆက်လက် ထွက်ခွာလာရာ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ထီးလင်း ကျေးရွာအုပ်စုရှိ တောင်သူဦးပြား၏ ကင်းတားဆည်ရေသောက် မနောသုခ နွေစပါးစံပြစိုက်ခင်း ၁၀ဧကသို့ ရောက်ရှိကြသည်။

စိုက်ပျိုးသွားမည်

မြစ်သားမြို့နယ်သည် ၂၀၀၆–၂၀၀၇ခုနှစ်အတွက် နွေစပါးစိုက်ပျိုးမှုကို ဆည်နှင့်ကန်ရေသောက်စနစ်ဖြင့် ဧက၂၆၂၉၀၊ စက်ရေတွင်းရေသောက်စနစ်ဖြင့် ၁၅၂ဧက၊ သဘာဝရေထွက်ရေသောက်စနစ်ဖြင့် ၃၁၇ဧက စုစုပေါင်း ၂၆၇၅၉ဧကကို အပြည့်အဝ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

လိုက်လံပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မတ်၉ရက် နံနက်၇နာရီခွဲတွင် စစ်ကိုင်းတပ်နယ် စိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်က စိုက်ပျိုးမွေးမြူရေးခြံရှိ စိုက်ကွက်အမှတ်(၁) ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၀၀၀၀၀ စိုက်ခင်း၊ စိုက်ကွက်အမှတ်(၃)ခြံစည်းရိုးကြက်ဆူ ငါးဧကစိုက်ခင်းနှင့် စိုက်ကွက်အမှတ်(၄) သဲနုန်းမြေ၌ ခြံစည်းရိုးကြက်ဆူအစေ့ချစိုက်ခင်းတို့ကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်ကိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) စစ်ကိုင်း–ကျောက်မြောင်း ၅၃ မိုင် မြေသားလမ်း ဖောက်လုပ်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၅/၀)အနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်မည့် ဆည်ရေသောက်ဧရိယာဧက၂၀၀အား အကျိုးပြုမည့်အလျားပေ ၈၅၀၊ အမြင့် ပေ၃၀ သစ်ပင်ချောင်းတမံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၆)အနီးရှိ ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက စစ်ကိုင်း–တောင်ရင်း–တပ်ရှာ(၂၀ မိုင် ၂ ဖာလုံ) လမ်းပိုင်း တစ်ကြောင်းထိုး ဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လမ်းကို အကွေ့အကောက် အနိမ့်အမြင့် ပြေပြစ်စွာ တိုင်းတာတည်ဆောက်သွားရေး၊ ချောင်းကူးတံတားများကို ပိုင်တိုင်များအား မြေဝင်နက်နက်ဖြင့် တည်ဆောက်သွားရေး မှာကြားပြီး မိုင်တိုင်အမှတ်(၂၀/၁)ရှိ တပ်ရှာမြစ်ရေတင် ရေပေးမြောင်းအတွင်း မြစ်ရေတင်ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တင်ပြ

ဆက်လက်၍ တပ်ရှာမြစ်ရေတင် စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမင်းက တပ်ရှာမြစ်ရေတင်စခန်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်သာအေးက ၂၀၀၇ခုနှစ်တွင် မိုးစပါးဧက ၇၀၀၀ ကျော်လွန်အောင် စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးစိုက်ဧက သတ်မှတ်လျာထားချက်အပေါ် ပြည့်မီအောင်စိုက်ပျိုးရေး၊ စပါးအပြင် ဝါကိုလည်း တိုးချဲ့စိုက်ပျိုးရေးမှာကြားကာ ဧရာဝတီမြစ်တွင်းရှိ ရေတင်စက်ရုံနှင့် ရေပေးမြောင်းအတွင်း မြစ်ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေပေးဝေ

တပ်ရှာမြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် တပ်ရှာကျေးရွာအနီး၌ တည်ရှိပြီး ဧရာဝတီမြစ်မှရေကို ၁၅ ကျူးဆက်၊ ရေစုပ်စက် ၁၂ လုံးဖြင့် အမြင့်ပေ ၁၁၀ သို့ စုပ်တင်ပြီး အရှည်ပေ ၁၁၀၀၀ ရှိ တူးမြောင်းမကြီးမှတစ်ဆင့် အရှည်ပေ ၁၇၅၂၀ ရှိ ရေသွယ်မြောင်းမကြီး စုစုပေါင်း ၂၅၄၉၃၉၄ ပေရှိ လက်တံမြောင်းများဖြင့် စစ်ကိုင်းမြို့နယ်နှင့် ဝက်လက်မြို့နယ်များရှိ စိုက်ပျိုးမြေ ၁၆၅၄၈ ဧကတို့ကို စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာကြရာ ဝက်လက်မြို့နယ် ရှိမ္မကားကျေးရွာ လမ်းဆုံ၌ လမ်းပိုင်းအခြေအနေကို လည်းကောင်း၊ မိုင်တိုင် ၂၉ နှင့် ၃၀ ကြားရှိ ငါးတိုက်ချောင်းတွင် ပေ ၈၀ အရှည်သစ်သားတံတား တည်ဆောက်မည့်နေရာသို့ လည်းကောင်း၊ မိုင်တိုင် ၃၅နှင့် ၃၆ ကြားရှိ ဆည်တောချောင်း သစ်သားတံတား တည်ဆောက်မည့်နေရာသို့ လည်းကောင်း၊ မိုင်တိုင် ၃၈ရှိ လင်းတသိုက်ချောင်းသစ်သား တံတား ဆောက်လုပ်မည့် နေရာသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင် ၃၉ အနီးရှိ ဝက်လက်မြို့နယ် အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ရေဖြူစခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နိုင်က ခရိုင်ချင်းဆက်လမ်းအမှတ် (၃) တပ်ရှာ–ရှိမ္မကား–ကျောက်မြောင်းလမ်းပိုင်းကို တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်း၊ ပေ ၃၀အကျယ်ရှိ မြေသားလမ်းတိုးချဲ့ ဖောက်လုပ်ခြင်းနှင့် ချောင်းကူးသစ်သားတံတားလေးခု၊ ရေကျော်နှစ်ခု တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြပြီး မန်ကျည်းသုံးပင်လမ်းခွဲ၊ မခေါက်ရွာလမ်းခွဲ မိုင်တိုင် ၄၈/၇ ရှိ ရွှေရင်အေးရေကျော်နှင့် မိုင်တိုင်၅၁ရှိ သဲဖြူချောင်း တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဇော်ကနားချောင်းရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ် ၃မိုင်တိုင် ၅၁ /၄ ဖာလုံရှိ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည့် ဇော်ကနားချောင်းရေလှောင်တမံသို့ ရောက်ရှိကြသည်။

ဇော်ကနားချောင်း ရေလှောင်တမံသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်း ကျေးရွာအုပ်စုတွင် တည်ရှိပြီး တမံအလျားပေ ၈၆၀၊ အမြင့်ပေ ၄၀ရှိ မြေသားတမံအမျိုးအစားဖြစ်သည်။ ရေလှောင်တမံကို လမ်းဖြစ်ဆည်ဖြစ် တည်ဆောက်ခြင်းဖြစ်သည့်အပြင် စိုက်ပျိုးရေးအတွက် လယ်ဧက ၃၀၀ကို စိုက်ပျိုးရေ ရရှိစေမည်ဖြစ်ပြီး သောက်သုံးရေနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ကိုပါ အထောက်အကူပြုမည့် ရေလှောင်တမံ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇော်ကနားချောင်း ရေလှောင်တမံ၏ ပြီးစီးမှု အခြေအနေနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ ရွှေဘို–ကျောက်မြောင်း လမ်းဆုံမှ တစ်ဆင့် ဆက်လက်ထွက်ခွာ၍ ရွှေဘိုမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

Topcon မြေတိုင်းပစ္စည်းများ မိတ်ဆက်ရှင်းလင်း

နေပြည်တော် မတ် ၁၁

Topcon South Asia Pte.Ltd. နှင့် Concordia International Co., Ltd. တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံမှထုတ်လုပ်သည့်နည်းပညာအရည်အသွေးမြင့် Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ (Surveying Instruments)နှင့်စပ်လျဉ်း၍မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီက ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းရှိ မေခန်းမ၌ ကျင်းပရာ Concordia International Co.,Ltd.မှ အရောင်းမန်နေဂျာ ဦးညီညီမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အောက်ယာပုံ)**

ထို့နောက် Topcon South Asia Pte.Ltd. မှ Regional Support Engineer Mr.Micheal Goh က Topconအမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ၏ အဆင့်မြင့်နည်းပညာများအကြောင်း၊ မြေတိုင်းတာရေးလုပ်ငန်းမျိုးစုံကို တိကျသောတိုင်းတာရေး အဖြေများရရှိအောင် တိုင်းတာနိုင်သည့် နည်းစနစ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး Topcon Imaging Total Station GPT-7000i နှင့် PI-3000 Software အသုံးပြု၍ အရာဝတ္ထုများကို 3D View ပုံဖော်အောင် တိုင်းတာမှုနည်းစနစ်များကို လက်တွေ့တိုင်းတာပြသသည်။

ရှင်းလင်းဖြေကြား

ဆက်လက်၍ တက်ရောက်လာကြသူများက နည်းပညာအရည်အသွေးမြင့် Topcon Surveying Instruments များကို လှည့်လည်ကြည့်ရှုပြီး မေးမြန်းချက်ကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

စီစဉ်ထား

Topcon Imaging Total Station GPT-7000i စက်၏ အားသာချက်မှာ ရိုးရိုး Total Station များတွင် မပါရှိသော CCTV Camera ပါရှိခြင်းကြောင့် မိမိတိုင်းတာခဲ့သော အမှတ်များကို တိုင်းတာမှုပြုလုပ်နေစဉ်အတွင်း စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ကွန်တိုမျဉ်းများကို လျင်မြန်စွာ ရေးဆွဲနိုင်ခြင်း၊ အရာဝတ္ထုများ၏ ပုံသဏ္ဌာန်၊ ထုထည်များကို 3D View ဖြင့် ပုံဖော်ကြည့်ရှုနိုင်သည့်အပြင် အချိန်ကုန်သက်သာပြီး ပိုမိုတိကျသော တိုင်းတာမှုအဖြေများကို ရရှိနိုင်ကာ အသုံးပြုသူများစိတ်ကျေနပ်မှု ရရှိစေရန် ထိရောက် မြန်ဆန်သော ထောက်ပံ့မှုများနှင့် ပစ္စည်းဝယ်ယူပြီး နောက်ပိုင်းတွင်လည်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

ဆက်သွယ်မေးမြန်းနိုင်

Topconအမှတ်တံဆိပ်မြေတိုင်းပစ္စည်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်လိုပါက ပျဉ်းမနားမြို့ ဖုန်း–၀၆၇–၂၁၆၇၅ နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ရွှေဂုံပလာဇာ ဖုန်း–၀၉–၅၀၀–၅၉၁၂၊ ၀၁–၅၄၄၁၉၉၊ ၅၄၄၈၂၄၊ ၅၅၈၃၈၆နှင့် ၅၅၈၄၃၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အက်ဖ်အေဖလား

ကမ္ဘာ့တာဝါမိုင်နယ် ဂိုးရလဒ်များ

ချယ်လ်ဆီး ၃ – ၃ တော့တင်ဟမ်

ဘလက်ဘန်း ၂ – ၀ မန်စီးတီး

(မြန်မာ့အလင်း)

နှလုံးသွေးကြောကျဉ်းရောဂါ သတိပြုဆင်ခြင်ဖွယ်ရာ

နှလုံးသွေးကြော ပိတ်ခြင်းဆိုသည်မှာ နှလုံးသို့ သွေးပို့ပေးသော Coronary arteries(ခေါ်) နှလုံးသွေးလွှတ်ကြောများတွင် သွေးခဲ ပိတ်သဖြင့် နှလုံးကြွက်သား ဒဏ်ရာရသွားသည့် အခြေအနေကို ခေါ်ပါသည်။ နှလုံးသွေးလွှတ်ကြောများသည် ပုံမှန်အားဖြင့် နှလုံးကြွက်သားသို့ သွေးမှတစ်ဆင့် အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို ပေးပို့နေပါသည်။ ဤသွေးကြောများပိတ်သွားသဖြင့် နှလုံးကြွက်သား ဒဏ်ရာရပါက လူနာသည်ရင်အောင့်လာမည် ဖြစ်ပါသည်။ မိနစ်၂၀မှ ၄၀အတွင်း သွေးလည် ပတ်မှု ပြန်လည်ရရှိအောင် ပြုလုပ်မပေးနိုင်ပါက နှလုံးကြွက်သားများ ဒဏ်ရာရရှိပြီး ၆နာရီမှ ၈နာရီကြာသွားလျှင် ဤဒဏ်ရာသည် မူလအတိုင်း ပြန်မကောင်းနိုင်တော့ဘဲ အနာရွတ်ဖြစ်လာမည်။

နှလုံးသွေးကြောပိတ်ခြင်း၏ အဓိကအကြောင်းရင်းမှာ Atherosclerosis (ခေါ်)အဆီဓာတ်များ သွေးလွှတ်ကြောနံရံများတွင် စုဆောင်းမိပြီး သွေးလွှတ်ကြောများ ကျဉ်းမြောင်းမာကြောလာစေခြင်း ဖြစ်သည်။ ကျဉ်းမြောင်းလာသော သွေးကြောများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများသို့ သွေးလုံလောက်စွာ မပို့နိုင်ပါ။ ဥပမာ-ခြေထောက်သို့ သွေးပို့သော သွေးကြောကျဉ်းလျှင် လူနာသည် လမ်းလျှောက်တိုင်း ခြေသလုံး ကြွက်သားများ နာကျင်လာပြီး ခြေထောက်တွင် ကျက်ခဲသောအနာများဖြစ်လာသည်။ ဦးနှောက်သွေးကြော ကျဉ်းပါက လေဖြတ်ခြင်းနှင့် သူငယ်ပြန်ရောဂါများ ဖြစ်တတ်သည်။

သွေးကြောများကျဉ်းတိုင်းရောဂါလက္ခဏာများမပေါ်တတ်ပါ။ ဆယ်ကျော်သက် အရွယ်မှစ၍ သွေးကြောများ စတင်၍ကျဉ်းတတ်သော်လည်း လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်တွင်မှ ရောဂါလက္ခဏာများပေါ်လာတတ်သည်။ ဆေးလိပ်သောက်သူ၊ သွေးတိုးရောဂါ၊ ဆီးချို သွေးချိုရောဂါနှင့် သွေးအဆီဓာတ်များသူတို့အပြင် မိသားစုတွင် သွေးကြောကျဉ်းရောဂါရှိသူတို့သည် သွေးကြောကျဉ်းရောဂါကို ငယ်ငယ် ရွယ်ရွယ်နှင့် ဖြစ်သည့်အပြင် ရောဂါ၏ဆိုးကျိုးများကိုလည်း ဆောလျင်စွာ ခံစားရတတ်သည်။

ရင်အောင့်ခြင်း

နှလုံးသွေးကြောများ ပုံမှန်အောက် ၅၀မှ ၇၀ရာခိုင်နှုန်း ကျဉ်းလျှင် လူနာလှုပ်ရှားသွားလာချိန်တွင် ပို၍လိုအပ်လာသည့် အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို နှလုံးကြွက်သားသို့ မပို့ပေးနိုင်သဖြင့် လူနာသည် ရင်အောင့်ခြင်းကို ခံစားရမည်။ သို့ရာတွင် ဆီးချိုသွေးချိုလူနာများနှင့် သက်ကြီးလူနာများသည် ဤသို့ ရင်အောင့်ခြင်းကို မခံစားရဘဲ အသက်ရှုကျပ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကိုသာ ခံစားရတတ်သည်။

နှလုံးသွေးကြောကျဉ်းရောဂါရှိသူ အများစုသည်အထက်က ဖော်ပြထားသည့်အတိုင်း လှုပ်ရှားသွားလာချိန်တွင် ရင်ညွန့်အောက်တွင် ညှစ်ထား သကဲ့သို့ လေးလံခြင်း၊ အောင့်ခြင်းတို့ကို ခံစားရသည်။ ဤကဲ့သို့ ရင်အောင့်ခြင်းသည် လည်ပင်း၊ မေးရိုး၊ လက်နှစ်ဖက်၊ နောက်ကျောနှင့် သွားများအထိ ပြန့်သွားနိုင်သည့်အပြင် လူနာသည် အသက်ရှုကျပ်လာပြီး ပျို့ချင်၊အန်ချင်ဖြစ်ကာ ချွေးစေးများ ပြန်လာတတ် သည်။ ရင်အောင့်သည်မှာ တစ်မိနစ်မှ ၁၅မိနစ်အထိကြာတတ်ပြီး နားလိုက်လျှင်၊ သို့မဟုတ် နှလုံးငုံဆေး(GTN)ငုံလိုက်လျှင် ပျောက်သွားတတ်သည်။ ဤသို့ လှုပ်ရှားသွားလာချိန်တွင် ရင်အောင့်ခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါ၏ ကနဦးလက္ခဏာဖြစ်သည်။

နှလုံးသွေးကြောကျဉ်း ပမာဏများလျှင် လူနာကမလှုပ်ရှားသည့်တိုင် ရင်အောင့်တတ်သည်။ နှလုံးသွေးကြောမကျဉ်းဘဲ သွေးကြောကျုံ့ပါ ကလည်း နားနေစဉ်တွင် ရင်အောင့်တတ်သည်။

နှလုံးသွေးကြောပိတ်ခြင်း

နှလုံးသွေးကြောထဲတွင်ရှိနေသော အဆီပြင်သည် ရုံဖန်ရံခါ အက်ကွဲပါက သွေးခဲဖြစ်ပေါ်လာပြီးသွေးကြောကို ပိတ်ဆို့စေနိုင်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း၊ သွေးတိုးခြင်း၊ သွေးအဆီ ဓာတ်များခြင်းနှင့် အခြားသော ဖိစီးမှုအမျိုးမျိုးက ဤသို့အဆီပြင် အက်ကွဲစေရန်အားပေးသည်။ သွေးကြောပိတ်သွားပါက နှလုံးကြွက်သားတွင် ပြန်မကောင်းနိုင်သော ဒဏ်ရာရသွားပါမည်။

အချိန်မရွေး နှလုံးသွေးကြောပိတ်နိုင်သော်လည်း နံနက်၄နာရီမှ ၁၀နာရီအတွင်း အများဆုံးပိတ်တတ်သည်။ နှလုံးသွေးကြောပိတ်သူများ၏ ၅၀ရာခိုင်နှုန်းတွင်သာ ယခင်ကရင်အောင့်ဖူးခဲ့ကြသည်။ ကျန်၅၀ ရာခိုင်နှုန်း၌ ဤသို့သော ရှေ့ပြေးလက္ခဏာ မရှိခဲ့ပါ။ နှလုံးသွေးကြောပိတ်ပါက အထက်တွင်ဖော်ပြထားသည့် ရင်အောင့်ခြင်းနှင့် အခြားသော လက္ခဏာများ ပေါ်လာပြီး နားလိုက်ခြင်း၊ နှလုံးဆေး ငုံလိုက်ခြင်းတို့ဖြင့် မသက်သာတော့ဘဲ လူနာအခြေအနေပို၍ ဆိုးရွားလာနိုင်ပါသည်။ ဤအခြေအနေသည် အရေးပေါ်အခြေအနေ ဖြစ်သဖြင့် ရောဂါကို ဖော်ထုတ်ကုသနိုင်မှသာ အသက်အန္တရာယ်ကင်းမည် ဖြစ်ပါသည်။

နှလုံးသွေးကြောကျဉ်းစေသည့် အခြေအနေများ

သွေးအဆီဓာတ်များခြင်း

အဆီဓာတ်သည် နှလုံးသွေးကြောကို ပိတ်စေသည့်အဓိကပါဝင် ပစ္စည်းဖြစ်သည်။ သွေးထဲရှိ အဆီဓာတ်သည် Lipoprotein(ခေါ်)အထူး ပရိုတင်းဓာတ်နှင့်ပေါင်းစပ်၍ VLDL-C, LDL-C တို့ကဲ့သို့ သွေးကြော ပိတ်ခြင်းကို အားပေးသော ပစ္စည်းများအဖြစ်ဖြင့်လည်းကောင်း၊HDL-C(ခေါ်)သွေးကြောပိတ်ခြင်း ကိုကာကွယ်သော ပစ္စည်းအဖြစ် တည်ရှိနေသည်။ အန္တရာယ်ဖြစ်စေသည့် LDL-C ကို လျှော့ချ၍ ကောင်းကျိုးပေးသည့် HDL-C ကိုတက်စေက နှလုံးသွေးကြောပိတ်ခြင်းကို ကာကွယ်နိုင်သည်။ ရှိသင့်သည်ထက် ပိုနေသော ကိုယ်အလေးချိန်ကို လျှော့ချ၍ အာဟာရထဲမှ ပြည့်ဝအဆီကိုရှောင်ကာ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပြီး လိုအပ်ပါက ဆေးများမှီဝဲခြင်းဖြင့် LDL-C ကို လျှော့စေ၍ HDL-C ကို တက်စေနိုင်သည်။

သွေးတိုးရောဂါ

အပေါ်သွေးပေါင်ချိန်များခြင်း၊ အောက်သွေးပေါင်ချိန်များခြင်း နှစ်ခုစလုံးက နှလုံးသွေးကြောပိတ်ခြင်းကို အားပေးသည်။ ဆေးဝါးများနှင့် သွေးတိုးရောဂါကို ထိရောက်စွာ ကုသပါလျှင် နှလုံးသွေးကြောပိတ်ခြင်းကို ကာကွယ်နိုင်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း

ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့တွင် နှလုံးသွေးကြောနံရံများကို ဒဏ်ရာရစေသည့် ဓာတုပစ္စည်း မြောက်မြားစွာပါဝင်ပါသည်။ ဤဒဏ်ရာများပေါ်တွင် အဆီဓာတ်များတွဲကပ်ကာ နှလုံးသွေးကြောပိတ် သွားနိုင်သည်။

ပါမောက္ခ ဒေါ်ခင်မေစန်း

ဆီးချိုသွေးချိုရောဂါ

ဆီးချိုသွေးချိုရောဂါသည် ကိုယ်ခန္ဓာတစ်ဝန်း သွေးလွှတ်ကြောများကို အဆီဖြင့် ပိတ်ဆို့စေသည်။ ထို့ကြောင့်နှလုံးသွေးကြောပိတ်ခြင်း၊လေဖြတ်ခြင်း၊ ခြေချောင်းများပုပ်ခြင်းတို့ကို ငယ်ငယ်ရွယ်ရွယ်နှင့် ခံစားရတတ်သည်။ ဆီးချိုသွေးချိုရှိသူများသည် မိမိတို့၏သွေးတွင်း အချိုဓာတ်ကို ကြပ်မတ်စွာ ထိန်းသိမ်း၍ ကိုယ်လက်လှုပ်ရှားမှု၊ ကိုယ်အလေးချိန်ထိန်းသိမ်းမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရမှီဝဲမှုကို အမြဲတစေ ပြုသင့်ပါသည်။

အမျိုးသားဖြစ်ခြင်း

အမျိုးသားသည် အမျိုးသမီးများထက် အရွယ်မရွေး နှလုံးသွေးကြောရောဂါပို၍ဖြစ်သည်။ အမျိုးသမီးများတွင်အမျိုးသားများထက် ရောဂါ ကာကွယ်ပေးသော HDL-C ပို၍များသောကြောင့် ဖြစ်သည်ဟု သိပ္ပံ ပညာရှင်အများစုက ယုံကြည်ကြသည်။ သို့ရာတွင် ဤအားသာချက်သည် အမျိုးသမီးများ အသက်အရွယ် ကြီးလာလျှင် ပျောက်ကွယ်သွားသည်။

မိသားစုထဲတွင် နှလုံးသွေးကြောရောဂါရှိသူများ

မိသားစုထဲတွင် နှလုံးသွေးကြောရောဂါရှိသူများသည် နှလုံးသွေးကြောကျဉ်းရောဂါ ပို၍ ဆောလျင်စွာ ဖြစ်တတ်သည်။အထူးသဖြင့် ဖခင် သို့မဟုတ် ဆွေမျိုးနီးစပ်ထဲမှ အမျိုးသားတစ်ယောက် အသက် ၅၅နှစ် မတိုင်မီ နှလုံးသွေးကြောရောဂါ ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မိခင်၊ သို့မဟုတ် ဆွေမျိုးနီးစပ်ထဲမှ အမျိုးသမီးတစ်ယောက် အသက် ၆၅နှစ် မတိုင်မီ နှလုံးသွေးကြောရောဂါ ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ဤသူ၌ ရောဂါဖြစ်ရန် အန္တရာယ်ပိုများသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်နှင့် မန္တလေးဆေးရုံကြီးများရှိ နှလုံးအထူးကြပ်မတ်ဆောင်များတွင် နှလုံးသွေးကြောပိတ်သော လူနာများကို လက်ခံ၍ ကြပ်မတ်စွာကုသရာတွင် လူနာများ၏ ၆၀ရာခိုင်နှုန်းခန့်သည်ဆေးလိပ်သောက်တတ်ပြီး ၆၀ရာခိုင်နှုန်းမှာ သွေးတိုးရောဂါရှိကာ ၄၀ ရာခိုင်နှုန်းမှာ ဆီးချို သွေးချိုရောဂါ ရှိနေကြောင်း တွေ့ရှိရပါသည်။ လူနာများ၏ ၆၀ရာခိုင်နှုန်းကျော်မှာ အမျိုးသားများဖြစ်ကြပြီး အမျိုးသမီး လူနာများ၏ အများစုသည် သွေးဆုံးပြီး သွေးတိုးရောဂါ၊ ဆီးချို သွေးချိုရောဂါများရှိနေလျက် အသက်ငယ်လျှင် ဆေးလိပ်သောက်သူများ ဖြစ်နေသည်ကို တွေ့ရှိရသည်။

နှလုံးသွေးကြောပိတ်သည်ကို သိနိုင်ရန်

ECG လုပ်ရပါမည်။ ECGသည် နှလုံးသွေးကြောပိတ်သည်ကို အမြဲတမ်းနီးပါး ပြသော်လည်း ရုံဖန်ရံခါ မပြတတ်ပါ။ အချိန်စောလွန်း၍ သော်လည်းကောင်း၊ ယခင်က နှလုံးရောဂါကြောင့် မူရင်း ECG က ပုံမှန်မဟုတ်၍လည်းကောင်း ဖြစ်နိုင်သည်။ ထို့ကြောင့် Cardiac Enzymes ခေါ် နှလုံးကြွက်သား ဒဏ်ရာကြောင့် သွေးတွင်းသို့ ထွက်လာသည့် အင်ဇိုင်းများကို သွေးဖောက်စစ်ဆေးရပါမည်။ ဤအင်ဇိုင်းများသည် နှလုံးသွေးကြောပိတ်ပြီး နာရီပိုင်းကြာလျှင် သွေးထဲ၌ မြင့်တက်လာပါသည်။

နှလုံးသွေးကြောပိတ်သည်ကို ချက်ချင်းသိရှိရန်အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လူနာ၏ နှလုံးခုန်ချက် မမှန်ဖြစ်ကာ နှလုံးခုန်ရပ်စေနိုင်သည့် အသက်ကိုအန္တရာယ်ပေးနိုင်သော အခြေအနေများသည် သွေးကြောပိတ်ပြီး များမကြာမီ ပေါ်လာတတ်၍ဖြစ်သည်။ ထို့ပြင် ပိတ်သွားသော သွေးကြောကို ဆောလျင်စွာ ပြန်လည်ဖွင့်ပေးနိုင်ပါက နှလုံးကြွက်သားဒဏ်ရာကို နည်းစေပြီး ရေရှည်တွင် လူနာအတွက် အကျိုးကျေးဇူးများမည် ဖြစ်ပါသည်။

နှလုံးသွေးကြောပိတ်သည်ကို ကုသခြင်း

သွေးကျဲဆေးများကို ချက်ချင်းပေးရန်အရေးကြီးပါသည်။ ဤသွေးကျဲဆေးများတွင် အရေးအကြီးဆုံးသည် Aspirin (အက်စ်ပရင်) ဖြစ်ပါသည်။ Aspirin ကို အများသိရှိပြီး ဈေးသက်သာစွာနှင့် လွယ်ကူစွာဝယ်ယူနိုင်ပါသည်။ ရင်အောင့်လျှင် ချက်ချင်း Aspirin တစ်လုံးကို ဝါးစား၍ မျိုချသင့်သည်။ သုတေသန မြောက်မြားစွာက Aspirinသည် နှလုံးသွေးကြောပိတ်၍ အသက်ဆုံးရှုံးမှုကို ၂၅ရာခိုင်နှုန်း လျှော့ချနိုင်သည်ဟု သက်သေပြုထားကြသည်။

နှလုံးသွေးကြော ထပ်မံမပိတ်ရန်အတွက်

Aspirin နှင့် Beta Blockers များသည် နှလုံးသွေးကြော ထပ်မံပိတ်ဆို့ခြင်းကို ကာကွယ်ပေးနိုင်ပြီး လူနာ၏ သက်တမ်းရှည်စေသည်ကို သုတေသနများက ထုတ်ဖော်သက်သေပြခဲ့ပြီး ဖြစ်ပါသည်။

ဆေးလိပ်/ဆေးရွက်ကြီးကိုလုံးဝရှောင်ကြဉ်ရပါမည်။ ကိုယ်အလေးချိန်လျှော့ချရန် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။ သွေးတိုးရောဂါနှင့် ဆီးချို သွေးချိုရောဂါများရှိလျှင် သွေးပေါင်ချိန်နှင့် သွေးအချိုဓာတ်ကို ပုံမှန်ဖြစ်ရန် ကြပ်မတ်စွာ ကုသမှုခံယူရပါမည်။

ထို့ပြင် အဆီဓာတ်နှင့် ပြည့်ဝအဆီများကို ရှောင်ပါ။ အန္တရာယ်ပေးသော LDL-C ခေါ် အဆီဓာတ်ကို ၁၀၀ mg/ dl အောက်ဖြစ်စေရန် Statin ဆေးများကို သောက်ရပါမည်။ ကောင်းသောအဆီဓာတ် HDL-Cကို တက်လာစေရန် ပုံမှန်လေ့ကျင့်ခန်းကို ပြုလုပ်ရမည်။ ACE Inhibitors ဆေးအုပ်စုသည် ဒဏ်ရာရ နှလုံးကြွက်သားများကို ပြန်လည် သန်စွမ်းစေပြီး သက်တမ်းကိုရှည်စေသည်ကိုလည်း သိရှိပြီး ဖြစ်ပါသည်။ Folic Acid ခေါ် ဗီတာမင်သည်လည်း နှလုံးသွေးကြောနံရံ အဆီပြင်များ ဖြစ်ပေါ်မှုကို နည်းစေပါသည်။ Omega -3 Fatty Acid များပါဝင်သော ငါးနှင့်ငါးကြီးဆီများကို စားသုံးပါက နှလုံးသွေးကြောပိတ်ခြင်းကြောင့် ရုတ်တရက်သေဆုံးမှုကို လျှော့နည်းစေသည်။

နှလုံးသွေးကြောပိတ်ပြီးသူသည် နောက်ထပ်ပိတ်နိုင်သည့် အလားအလာများရှိသဖြင့် ဤသို့ထပ်မံဖြစ်ပွားနိုင်သည့် အခြေအနေကို သိရှိရန် စက်ပေါ်၌ပြေးစဉ် ECG စမ်းသပ်ခြင်း (Exercise Stress Test)၊ နှလုံးတီဗွီဓာတ်မှန်ရိုက်ခြင်း(Echocardiography)၊ အဏုမြူဓာတ်နှင့် နှလုံးသွေးကြောများကို စမ်းသပ်ခြင်း (SPECT)နှင့် နှလုံးသွေးကြောတွင်းသို့ ပိုက်ငယ်များ ထည့်၍ ဆေးထိုးကာ ဓာတ်မှန်ရိုက်ခြင်း (Coronary Angiogram)တို့ဖြင့် လိုအပ်သလို ဆက်လက်၍ စမ်းသပ်ရမည် ဖြစ်ပါသည်။

ဆေးလိပ်သောက်ခြင်း

ဆေးလိပ်သောက်ခြင်းသည် အမျိုးသမီးများတွင် ပို၍အန္တရာယ်များစေသည်။ အရွယ်လတ် အမျိုးသမီးတစ်ယောက်သည် တစ်နေ့လျှင် စီးကရက် (၁မှ၄)လိပ် သောက်ပါက ဆေးလိပ်မသောက်သူ အရွယ်တူ အမျိုးသမီးများထက် ဦးနှောက်သွေးကြောပိတ်၍လေဖြတ်ခြင်း နှစ်ဆ ပို၍ဖြစ်သည်။ တစ်နေ့လျှင် စီးကရက် ၁၅လိပ်ထက် ပို၍သောက်ပါက လေဖြတ်ခြင်းသည် ၃ဒသမ ၇ဆ ပိုလာသည်။ ဆေးလိပ်သောက်၍ ကိုယ်ဝန်တားဆေးပါ သောက်သုံးသော ၃၅နှစ်အထက် အမျိုးသမီးများတွင် နှလုံးသွေးကြောရောဂါ ဖြစ်ရန် အလားအလာ အလွန်များပြားပါသည်။ ထို့ကြောင့်ဆေးလိပ်ကို ချက်ချင်းဖြတ်ရန် လိုအပ်ပါသည်။

အမျိုးသမီးများတွင် နှလုံးသွေးကြောပိတ်ခြင်း

အမျိုးသမီးများတွင် နှလုံးသွေးကြောပိတ်ပါက အမျိုးသားမှာကဲ့သို့ လွယ်ကူလျှင်မြန်စွာ သိရှိရန် ခက်ခဲသည်။ အကြောင်းများမှာ-

အမျိုးသမီးများသည် ရင့်အောင့်ခြင်းကို မခံစားတတ်ဘဲ လည်ပင်း၊ ပခုံး၊ ဗိုက်များတွင် အောင့်တတ်ပြီး ပျို့အန်ခြင်း၊ နွမ်းနယ်ခြင်းနှင့် အသက်ရှုကျပ်ခြင်းတို့ကို ခံစားရတတ်သည်။ ရောဂါလက္ခဏာ လုံးဝမပြဘဲနှင့်လည်း နှလုံးသွေးကြောပိတ်တတ်သည်။ အမျိုးသမီးများ ရင်အောင့်တိုင်းလည်း နှလုံးသွေးကြောရောဂါကြောင့် မဟုတ်ဘဲ အခြား အကြောင်းများကြောင့် (ဥပမာ-အစာပြွန်ရောင်ခြင်း) ဖြစ်တတ်သဖြင့် အမှန်တကယ် နှလုံးသွေးကြောပိတ်၍ ရင်အောင့်သည်ကို သတိမထားမိဖြစ်တတ်သည်။ အမျိုးသမီးများတွင် ECG၌ နှလုံးသွေးကြောပိတ်သည့် လက္ခဏာများကို ရံဖန်ရံခါမတွေ့တတ်ပါ။ အမျိုးသမီးများသည် နှလုံးသွေးကြော ကျုံ့ခြင်းနှင့်နှလုံးသွေးကြောမွှားကလေးများ ရောဂါကြောင့် မကြာခဏ ရင်အောင့်တတ်သည်။ ဤအခြေအနေများကို နှလုံးသွေးကြော ဓာတ်မှန်ရိုက်ခြင်းဖြင့် မသိနိုင်ပါချေ။

အမျိုးသမီးများတွင် စက်ပေါ်၌ပြေးစဉ် ECG စမ်းသပ်ခြင်းကဲ့သို့ နှလုံးသွေးကြောကျဉ်းခြင်းကို ဖော်ထုတ်ပေးနိုင်သည့် စမ်းသပ်ချက်များက တိကျသောအဖြေကို မပေးတတ်ပါ။

အမျိုးသမီးများနှင့် ကုသမှု

သွေးခဲဖျော်ဆေးများသည် အမျိုးသမီးများ၌ အမျိုးသားများမှာကဲ့သို့ အကျိုးသက်ရောက်မှု ရှိသော်လည်း ဆိုးကျိုးဖြစ်သည့် လေဖြတ်ခြင်း ပို၍ဖြစ်သည်။

PCI (ခေါ်)ပိတ်/ကျဉ်းနေသော နှလုံးသွေးကြောများကို ဘောလုံးဖြင့် ချဲ့ပြီး(Angioplasty) သွေးကြောထောက် ကိရိယာ (Coronary stents) ထည့်ပေး၍ ကုသခြင်းသည်လည်းအမျိုးသားများမှာကဲ့သို့ ထိရောက်မှုရှိသော်လည်း သွေးကြောများသေးသဖြင့် အန္တရာယ်ပို၍ရှိသည်။

CABG ခေါ် ခွဲစိတ်၍ နှလုံးသွေးကြောများကို ဆက်ပေးသည့် ခွဲစိတ်ကုသနည်းသည်လည်း အမျိုးသမီးများတွင် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အန္တရာယ်ပိုများသည်။

Estrogen ဟော်မုန်းဓာတ်

အမျိုးသမီးများသွေးဆုံးပြီးလျှင် Estrogen ဟော်မုန်းဓာတ်နည်းသွားသည်နှင့်အမျှ အန္တရာယ်ပြုသော သွေးအဆီဓာတ် LDL-Cတက်လာပြီး အကျိုးပြုသော HDL-C နည်းသွားသည်။ သွေးမဆုံးမီ မျိုးဥအိမ် ထုတ်ရသော အမျိုးသမီးများတွင်လည်း Estrogenဓာတ်နည်း သဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ စော၍ဖြစ်သည်။ ဤအချက်ကို အခြေခံ၍ သွေးဆုံးပြီး အမျိုးသမီးများကို Estrogen ပေးပါက ရောဂါကာကွယ်နိုင်မည်ဟု ထင်မှတ်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ သုတေသနအချို့က ဤအချက်ကိုမထောက်ခံခဲ့ပါ။ Estrogen မှီဝဲသူများတွင် သုံးနှစ်မှငါးနှစ်အတွင်း ရင်သားကင်ဆာပို၍ဖြစ်လာပြီး တစ်နှစ်အတွင်းတွင် နှလုံးရောဂါနှင့် အဆုတ်သွေးကြောတွင် သွေးခဲပိတ် ရောဂါတို့ ဖြစ်တတ်သည်။

ထို့ကြောင့် နှလုံးသွေးကြောကျဉ်းရောဂါသည် အမျိုးသမီးများတွင် ကင်ဆာရောဂါကဲ့သို့သော အခြားရောဂါများထက် အသက်အန္တရာယ် ပိုဖြစ်စေကြောင်းကို သတိပြုမိပြီး ရောဂါဖြစ်လာလျှင်လည်း ဆောလျင်စွာ သိရှိနိုင်ရန်နှင့် ကုသမှုခံယူနိုင်ရန် အကြံပြုတင်ပြလိုက်ရပါသည်။ ။

ဇီဝနည်းစနစ်ဖြင့် ငါးပုစွန်မွေးမြူခြင်းစနစ် စီမံကိန်းအကောင်အထည်ဖော်ခြင်း သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၊ ဂျာမနီနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာဇီဝနည်းစနစ်ဖြင့် ငါး၊ပုစွန် မွေးမြူထုတ်လုပ်ခြင်းအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံပုစွန်မွေးမြူရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဇီဝနည်းပညာအသုံးပြု၍ငါး၊ပုစွန်မွေးမြူခြင်းစနစ် စီမံကိန်းစတင်အကောင် အထည်ဖော်ခြင်း သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ် ၉ရက်နံနက် ၁၀နာရီက အင်းစိန် မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ရိက္ခာထုတ်လုပ်မှုဘုံရန်ပုံငွေ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ ငါးလုပ်ငန်းထွက် ကုန်များဈေးကွက်နှင့်နည်းပညာဆိုင်ရာ ပညာပေးရေးအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာဇီဝနည်းစနစ်ဖြင့် ငါး၊ပုစွန်မွေးမြူ ထုတ်လုပ်ခြင်းဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက အသီးသီး အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးကျော်လွင်က မင်္ဂလာ ငွေမောင်း တီးခတ်ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံးပြုလုပ်သည့် ဇီဝနည်းစနစ်ဖြင့် ငါး၊ ပုစွန်မွေးမြူခြင်းစနစ် စီမံကိန်းစတင် အကောင်အထည်ဖော်ခြင်း သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဖွင့်လှစ်၍ တာဝန်ရှိသူ အသီးသီးက နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေပြင်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက် ဘက်တိုးချဲ့မြေ နှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများဆောက် လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် တိုက် ၂၇/၂၀၂ ယုဇနလမ်း လှိုင်(၅)ရပ်ကွက်နေ ဆရာကြီးဦးမောင်ကို(ခ)ဦးကို (၂)နှစ်ပြည့်အတွက် ဇနီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေ(ငြိမ်း)နှင့်သားသမီး၊ မြေးတစ်စုတို့က အလှူတော်ငွေကျပ် ၁၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မတ် ၇ ရက်က တာမွေမြို့နယ် မလွှကုန်း ဒွေးကြွယ်(က)ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် အသိပညာပေးဆောင်ရွက်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးသူရိန်ကျော်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ရပ်ကွက်တွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (က-ပ)

ကျိုက်ဒေးယံ့ဆရာတော် ဓမ္မဒူတခရီး

ရန်ကုန် မတ် ၁၁

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာန နာယက ဆရာတော် ကျိုက်ဒေးယံ့ အရှင်ဥတ္တရ (ဓမ္မကထိက၊ ဗဟုဇန ဟိတဓရ၊ ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ)သည် မတ် ၁၈ ရက်တွင် သုံးခွမြို့နယ် ညောင်နီရဟန်းခံရှင်ပြု အလှူပွဲ၊ ၂၀ ရက်တွင် သန်လျင်မြို့ လှုပ်စစ်ဝင်းမှ ကိုငယ်လေးရဟန်းခံရှင်ပြု အလှူပွဲ၊ ၂၂ ရက်တွင် ကျုံပျော်မြို့နယ် ကြို့ကုန်းမှ ကိုမြင့်ဆွေ ရဟန်းခံရှင်ပြု အလှူပွဲ၊ ၂၃ ရက်တွင် သန်လျင်မြို့ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေး စာသင်တိုက် ဘဒ္ဒန္တကုမာရ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဂုဏဝိသိဋ္ဌ ပူဇော်ပွဲ၊ ၂၇ ရက်တွင် သန်လျင်မြို့ ဦးဘဝေလမ်းမှ ဒေါ်ချိုအလှူမင်္ဂလာပွဲ၊ ၂၈ရက်တွင် သန်လျင်မြို့ ဗိုလ်ချုပ်ရပ်ကွက် ကျိုက်မောဂ္ဂလိ မိုးကောင်းစေတီ ဗုဒ္ဓပူဇနိယ ပွဲတော်၊ ဧပြီ ၈ ရက်မှ ၁၈ ရက်အထိ သန်လျင်မြို့ ကျိုက်ဒေးယံ့ အထူးတရားစခန်းပွဲ၊ ၁၃ ရက်တွင် သုံးခွမြို့နယ် ကမွန်ကန်ရွာ အထူးတရားပွဲ၊ ၁၄ ရက်တွင် သန်လျင်မြို့ ကံသာဓမ္မရိပ်သာအထူးတရားစခန်း၊ ၁၅ ရက်တွင် တောင်ဥက္ကလာပမြို့ အမှတ်(၆) ဝိုင်း သဲအင်းဂူရိပ်သာ၊ ၁၆ ရက်တွင် ကျောက်တန်းမြို့ ဂုဏဝိသိဋ္ဌိသီလရှင်ကျောင်းအထူးတရားစခန်းပွဲ၊ ၂၁ ရက်မှ ၂၉ ရက်အထိ လပွတ္တာ မြို့နယ် ပိုးလောင်းတိလောက သယမ္ဘူ ဗုဒ္ဓပူဇနိယပွဲတော်နှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲ၊ ၃၀ ရက်တွင် သန်လျင်မြို့ ကဆုန်ညောင်ရေသွန်းပွဲတော်၌ တရားတော်များဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မူးယစ်ကင်းစင် အလှဆင်

ကျောက်ဆည် ရွှေသာလျောင်းဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲကျင်းပ

မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေသာလျောင်းဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၄ရက်မှ လပြည့်နေ့အထိကျင်းပရာ (၁၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ကျမ်းမြတ်ရွတ်ဖတ် ပူဇော်ပွဲ၊ မန္တလေးတိုင်းသံဃနာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ အင်ရောင်း မင်းကျောင်းဆရာတော် ဘဒ္ဒန္တအာလောက အမှူးပြုသော ဆရာတော် သံဃာတော် ၄၅ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်းသိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

တောင်သုံးလုံး ဇေတဝန် ၁၀ရက်စခန်း

သာဝတ္ထိမြို့ တောင်သုံးလုံးဇေတဝန် ပရိယတ္တိစာသင်တိုက်တွင် ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တဝေပုလ္လမဟာထေရ်၏ ဥပနိဿယကိုခံယူ၍ ၁၀ရက် တရားစခန်းကို တန်ခူးလဆန်း ၄ ရက်(မတ် ၂၁ ရက်)တွင် စတင်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖုန်း-၀၆၇-၂၂၅၈၇ လိုင်းခွဲ ၈၇သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်တရားစခန်း

ဗဟန်းမြို့နယ် အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ နှစ်သစ်ကူးပဒေသာပင်များချိတ်ဆွဲလှူဒါန်းရန် စီစဉ်ထားရာ မိမိတို့ဆန္ဒအလျောက်လှူဒါန်းကြသော စုဘူးများကို မတ် ၁၅ ရက်မှစပြီး လာရောက်အပ်နှံလှူဒါန်းနိုင်ပြီး သင်္ကြန်ယောဂီစာရင်းပေးသွင်းလိုသူများသည် မတ် ၁၂ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

ဆရာကြီးဦးဂိုအင်ကာ၏ တရားပတ်အစီအစဉ် ပြင်ဆင်သတ်မှတ်

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာတွင် လယ်တီဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာ၏ ၂၀၀၇ခုနှစ် ဝိပဿနာ တရားပတ် အစီအစဉ်တွင် ဧပြီ ၆ ရက်မှ ၁၇ရက်အထိ သင်္ကြန်တရားပတ်ကို ဧပြီ ၁၁ ရက်မှ ၂၂ ရက်သို့လည်းကောင်း၊ ဧပြီ ၂၀ ရက်မှ မေ ၁ ရက်အထိ တရားပတ်ကို ဧပြီ ၂၃ ရက်မှ မေ ၄ ရက်အထိ လည်းကောင်း ပြင်ဆင်သတ်မှတ်ထားကြောင်းနှင့် ဖုန်း-၅၄၉၂၉၀ နှင့် ၅၄၆၆၆၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် ပင်သာကျေးရွာ ပညာပဒေသာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက် အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်က ပညာပဒေသာစာကြည့်တိုက် အဆောက် အအုံ၌ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူးဒေါ်ခင်ကြည်နှင့် ပင်သာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖေစန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပညာပဒေသာ စာကြည့် တိုက်သို့ စေတနာရှင်များက စာအုပ်ပေါင်း၃၂၅အုပ်ပေးအပ် လှူဒါန်းကြောင်း သိရသည်။

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ လယ်ဝေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၉ရက်က လေးမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့ မျက်နှာစာတွင်ကျင်းပရာ စာရေးဆရာညွှန့်ဟံ(ကြူတော)၊ မောင်ဆန္ဒ (လယ်ဝေး)၊ မောင်စိုးထိုက်(သုံးဆယ်)နှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့က သုတ၊ ရသစာပေ အဖြာဖြာတို့ကို ဟောပြောခဲ့ကြသည်။

သာစည်မြို့နယ် ဆင်တောင်အမက ပညာရည်ချွန်ဆုချီးမြှင့်

သာစည်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စု ဆင်တောင်ကျေးရွာအခြေခံ ပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးလှဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဌေးတို့က အမှာစကားပြောကြားကြပြီး ပညာရေး၊ အားကစားနှင့်ဘက်စုံထူးချွန်သူများကို ဆုများချီးမြှင့်ကြကြောင်း သိရသည်။

ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်

မန္တလေး အောင်မြေသာစံ မြို့နယ် မီးဘေးကြိုတင် ကာကွယ်ရေး ကြီးကြပ်မှု ကော်မတီမှ မြို့နယ်အတွင်း ရပ်ကွက်များ၊ ပူပြင်းခြောက်သွေ့သော ရာသီအတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်အလိုက် အစဉ် သတိရှိရှိ ဆောင်ရွက်လျက် ရှိရာ ဖေဖော်ဝါရီ ၂၈ရက်က ပြည်ကြီး ကျက်သရေ အနောက် ရပ်ကွက်တွင် နေအိမ်များ မီးသုံးစွဲမှု၊ မီးချိတ်မီးကပ်၊ သဲပုံး ရေပုံးထားရှိရေးကိစ္စများ၊ အရေးပေါ် ရေအလွယ်တကူရရှိမှု၊ ဝင်ပေါက်ထွက်ပေါက်များကို စစ်ဆေးကြောင်းသိရသည်။

မွေးမိခင်နှင့် မွေးကင်းစကလေး သေနှုန်း လျော့ကျရေး သင်တန်းဖွင့်

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များအတွက် မွေးမိခင်နှင့် မွေးကင်းစကလေးသေနှုန်း လျော့ကျရေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်စမ်းစမ်းမြင့်က မိခင်နှင့် မွေးကင်းစကလေး သေနှုန်းလျော့ချရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ကျောက်ဆည်ခရိုင် ဖွံ့ဖြိုးရေးဆွေးနွေး

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ဒေသဖွံ့ဖြိုးရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က ကျောက်ဆည်မြို့ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တက်ရောက်၍ ကျောက်ဆည်ခရိုင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ အာဏာပိုင်အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ အင်န်ဂျီအိုအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားခဲ့သည်။

အကြိုအခြေခံမီးသတ် သင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးတွင် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးမိဈေးဖများပါဝင်သော အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၃/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို မတ်၆ ရက်က ကျင်းပရာ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးတို့က သင်တန်းဖွင့် အမှာစကားပြောကြားကြသည်။

စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေး

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်း ကလေးခရိုင်ရုံးမှ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေးပွဲကို ကလေးမြို့နယ် အောင်သာ(နွားရွာ)ကျေးရွာ၌ ဖေဖော်ဝါရီ၁၃ ရက်က ကျင်းပရာ ဒုတိယဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များဆွေးနွေးပြီး အောင်ပညာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အလှူရှင် ၂၄ ဦးက အလှူငွေကျပ် ၆၇၅၀၀ ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲ မန်ယူသရေပွဲကျ

လန်ဒန် မတ် ၁၁

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် မတ် ၁၀ ရက် ညပိုင်းက မစ်ဒယ်ဘရော့အသင်းနှင့် မန်ယူတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ ပွဲအစတွင် မစ်ဒယ်ဘရော့က အကွက်စေ့စေ့ဖြင့် မန်ယူနောက်တန်းကို ထိုးဖောက်နိုင်ခဲ့သည်။ သို့သော်လည်း ဂိုးသွင်းမပိုင်၍ အခွင့်အရေးများ လက်လွတ်ဆုံးရှုံးခဲ့သည်။

ရွန်နေ

ယင်းနောက် မန်ယူက ပြန်လည်တိုက်စစ်ဆင်ကစားလာခဲ့ရာ ပွဲချိန် ၂၃ မိနစ်တွင် တိုက်စစ်မှူး ရွန်နေက မန်ယူအတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ချေပ

သို့သော်လည်း မစ်ဒယ်ဘရော့တို့ ခြေမှန်ကစားကွက်ရပြီး ပထမပိုင်းပွဲပြီးခါနီးတွင် ကက်တာမိုးက ချေပဂိုးသွင်းယူခဲ့၍ သရေပွဲ ပြန်ဖြစ်သွားခဲ့သည်။

ဒုတိယပိုင်း ပြန်စချိန်တွင် မစ်ဒယ်ဘရော့တို့ အချိတ်အဆက်မိမိ မန်ယူနောက်တန်းကို ထိုးဖောက်လာပြီး ပွဲချိန် ၄၇ မိနစ်တွင် ဂျော့ဘိုတန်က မစ်ဒယ်ဘရော့ အသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၆၈ မိနစ်တွင် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက ပယ်နယ်တီမှ တစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။ ပြန်ကန်ပွဲကို အိုးထရက်ဖို့ဒ်၌ မတ် ၁၉ ရက်တွင် ကျင်းပမည် ဖြစ်သည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ–မြင့်မောင်စိုး

မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒို (ဝဲ) စတီးဝပ်ဒေါင်နင်းကို လှည့်လိမ်ရန် ကြိုးစားခဲ့စဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရှော်လ်ကေးအသင်းမှ ရာဖင်နာ(ယာ)က ဟန်နိုဗာအသင်းမှ ဟတ်စတီထံက ဘောလုံးလုယူရန် ကြိုးစားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဘွန်ဒက်စ်လီဂါ၌ ဦးဆောင်နေသော ရှော်လ်ကေး ဟန်နိုဗာကွင်း၌ သရေပွဲကျခဲ့ရ

ဘာလင် မတ် ၁၁

ဂျာမနီ ဘွန်ဒက်စ်လီဂါပွဲစဉ် ၂၅ ဘောလုံးပြိုင်ပွဲများကို မတ် ၁၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသော ရှော်လ်ကေးတို့ ဟန်နိုဗာအသင်း၏ အိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

သရေ

ရှော်လ်ကေးတို့ အဝေးကွင်းကစားရသော်လည်း နှစ်မိနစ်အတွင်းမှာပင် အယ်လ်တင်တော့က ဦးဆောင်ဂိုး သွင်းယူပြနိုင်ခဲ့သည်။ သို့သော်လည်း ဟန်နိုဗာ အသင်းက နှစ်မိနစ်ကြာပြီး နောက် ချေပဂိုးသွင်းယူနိုင်ခဲ့၍ တစ်ဖက် တစ်ဂိုးစီ သရေဖြစ်သွားခဲ့သည်။

ယင်းတို့နှစ်သင်းသည် အနိုင်ဂိုး သွင်းယူနိုင်ရေး အပြန်အလှန်ထိုးဖောက် ကစားခဲ့ကြသော်လည်း နှစ်ဖက်စလုံး နောက်တန်းခံစစ် အားကောင်းနေ၍ ဂိုးမရဘဲ သရေပွဲဖြစ် ပွဲသိမ်းခဲ့ရသည်။

ရှော်လ်ကေး အသင်းသည် ၂၅ ပွဲ ကစား၊ ၁၅ ပွဲနိုင်၊ ငါးပွဲသရေ၊ ငါး ပွဲရှုံးပြီး ရမှတ် ၅၀ ဖြင့် အမှတ်ပေး ဇယားကို ဦးဆောင်နေသည်။

ဒုတိယနေရာမှ ဝါဒါဘရီမင်အသင်းသည် ပွဲစဉ် ၂၄ အပြီး ရမှတ် ၄၆ မှတ် ဖြင့် ဒုတိယလိုက်နေသည်။ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ၂၄ ပွဲ ကစားအပြီး ရမှတ် ၄၃ မှတ်ဖြင့် စတုတ္ထ နေရာတွင် ရှိနေသည်။

အခြားပွဲရလဒ်များ

ဂလာဘတ်	၃–၁	ဟာသာဘာလင်
ကော့ဘတ်	၀–၂	အာချန်
မိန့်	၁–၀	ဘီလီဖီးလ်
စတုဂတ်	၀–၀	ဝုလ်ဘတ်
ဘိုချန်	၂–၀	ဒေါ့တ်မွန်
နုရင်ဘတ်	၂–၂	ဖရန့်ဖတ်

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

*** အင်္ဂလန်တိုက်စစ်မှူး ပီတာခရော့ချ်သည် လီဗာပူးအသင်းနှင့် ရက်ဖ်ီးအသင်းတို့ ဖေဖော်ဝါရီ ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့စဉ် နှာခေါင်းရိုးကျိုးခဲ့၍ မတ် ၂၄ ရက်တွင် အစ္စရေးအသင်းနှင့် ယူရို ၂၀၀၈ ခြေစစ်ပွဲများ လွဲမည်ဖြစ်ကြောင်း သိရသည်။**

* ကမ္ဘာ့နံပါတ်(၁)တင်းနစ် အားကစားမယ် ရှာရာပိုဗာသည် ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီယန်ဝဲလ်၌ကျင်းပသော ပစိဖိတ်လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဒုတိယချီမှ မီချယ်လ်လာခရာဂျီဆက်ကို ၇–၆၊ ၇–၅၊ ၆–၄ ဖြင့် အနိုင်ရခဲ့သည်။

*** ပြင်သစ် ပထမတန်း လီယွန်အသင်းသည် ပွဲစဉ် ၂၇ အပြီး ရမှတ် ၆၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည်။**

* စကော့တလန် ပရီမီယာလိဂ်ပွဲစဉ် ၂၉ ကို မတ် ၁၀ ရက်က ယှဉ်ပြိုင်ကစားအပြီး ဆဲလ်တစ်အသင်းသည် အမှတ်ပေးဇယားတွင် ၇၄ မှတ်ဖြင့် ဦးဆောင်နေပြီး ဒုတိယနေရာမှ ရိန်းဂျာစ်အသင်းသည် ၅၅ မှတ် ရရှိ ထားသည်။

*** ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်း မင်ဟမ်းမြို့တွင် မတ် ၁၀ ရက်က ယှဉ်ပြိုင်ထိုးသတ်သည့် နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ်၏ ဟဲဗီးဝိတ် ချန်ပီယံ ကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ ဝါဒီမီရာကလစ်စကိုက စိန်ခေါ်သူ အမေရိကန် နိုင်ငံသား ရေးအော်စတင်အား ဒုတိယအချီတွင် အလဲထိုး အနိုင်ယူကာ ၎င်း၏ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့သည်။**

* အမေရိကန်နိုင်ငံ ဖာယက်တေးဗီလီးမြို့တွင် ကျင်းပလျက်ရှိသည့် ဥရောပရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ ဝေါလ်တာဒစ်က ၂၀ ဒသမ ၃၂ စက္ကန့်ဖြင့် လည်းကောင်း၊ ကီရွန်စတီးဝပ်က ၂၂ ဒသမ ၅၈ စက္ကန့်ဖြင့်လည်း အကောင်းဆုံးစံချိန်တင် ပြေးနိုင်ခဲ့ကြောင်း သိရသည်။

*** အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတွင် ကျင်းပလျက်ရှိသည့် အင်ဒီယဉ်ဝဲလ်မာစတာစီးရီး အမျိုးသား တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်မှ တမ်ဟန်မင်းက ချက် တင်းနစ်သမား ဂျန်ဟာနက်အား ၇–၅၊ ၃–၆၊ ၇–၅ ဖြင့် ရှုံးနိမ့်ခဲ့သည်။**

* တိုဂိုနိုင်ငံ လုန်းမြို့တွင် မတ် ၁၀ ရက်က ကျင်းပသည့် အသက်(၁၇)နှစ်အောက် အာဖရိကဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် တိုဂိုလူငယ်အသင်းက တောင်အာဖရိက လူငယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

*** ကမ္ဘာ့အဆင့်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဝင်ဘယ်ဒန် ချန်ပီယံခုနစ်ကြိမ် ဆွတ်ခူးရရှိခဲ့ဖူးပြီး ၂၀၀၂ခုနှစ်က အနားယူခဲ့သော ပီတယ်ဆမ်ပရာစ်နှင့် လေ့ကျင့်မှုများအတူပြုလုပ်ရန် လော့စ်အိန်ဂျလိစ်မြို့သို့ရောက်ရှိလာကာ တင်းနစ်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။**
(အင်တာနက်)

ဂျာမန်မြေမှ ဂိုးသမားကြီး အိုလီဗာခမ်း

ဘာလင် မတ် ၁၁

ယနေ့ ကမ္ဘာ့ဘောလုံးလောကအား လွှမ်းခြုံကြည့်လျှင် ကမ္ဘာကျော် ဘောလုံးသမားများအနက် ဂျာမနီဂိုးသမားကြီး အိုလီဗာခမ်းသည် ပေါ်လွင်ထင်ရှားစွာ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

အိုလီဗာခမ်းကို ၁၉၆၉ခုနှစ် ဇွန် ၁၅ရက်၌ ဂျာမနီနိုင်ငံတွင် မွေးဖွားခဲ့ပြီး ယခုအချိန်၌အသက်(၃၇)နှစ်အရွယ် ရှိနေပြီဖြစ်သည်။ အရပ်အမောင်း ခြောက်ပေ၊ နှစ်လက်မရှိသဖြင့် မြင့်မားသော အရပ်ပိုင်ရှင်ဖြစ်သလို တောင့်တင်းသော ကိုယ်ခန္ဓာဖွဲ့စည်းမှုလည်း ရှိသူဖြစ်သည်။

ဘောလုံးကို ငယ်စဉ်ကတည်းက တစိုက်မတ်မတ် ဝါသနာပါ ကစားခဲ့ပြီး ကစားတိုင်းလည်း ဂိုးသမားအဖြစ်ပင် ပါဝင်ကစားခဲ့သည်။ အိုလီဗာခမ်းသည် ကလပ်ဘောလုံးအသင်းများစွာ၌ ပါဝင်ကစားခဲ့ပြီး ၁၉၉၈ခုနှစ်မှ စတင်ကာ ဂျာမနီ လက်ရွေးစင်ဘောလုံးအသင်း၏ ပထမဦးစားပေး ဂိုးသမားဖြစ်လာခဲ့သည်။

၂၀၀၁–၂၀၀၂ခုနှစ်၌ ဂျာမနီ ကလပ် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာသော အိုလီဗာခမ်းသည် ၂၀၀၁ခုနှစ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ပွဲ၌ ဘိုင်ယန်မြူးနစ်နှင့် ဗလင်စီယာတို့ ကစားခဲ့သောပွဲတွင် ပယ်နယ်တီ ဘောလုံးများကို လက်စွမ်းပြ ကာကွယ်ပေးနိုင်မှုကြောင့် တစ်ရှိန်ထိုး နာမည်ကျော်ကြားခဲ့သူ ဖြစ်သည်။ အိုလီဗာခမ်းသည် ပယ်နယ်တီ ဘောလုံးများကို တည်ငြိမ်စွာကာကွယ်နိုင်သူအဖြစ်လည်း ကျော်ကြားခဲ့သလို တိုက်စစ်ကိုလည်း ကောင်းကောင်း ပံ့ပိုးပေးနိုင်သူ ဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်း၏ တိုက်စစ်အများအပြားတွင် အိုလီဗာခမ်းက စတင်ခဲ့သည်ကို တွေ့ရမည် ဖြစ်သည်။

၂၀၀၂–၂၀၀၃ ခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အတွက် ၃၃ပွဲကစားပေးခဲ့ပြီး ၂၅ ဂိုး အသွင်းခံခဲ့ရသော်လည်း ဘိုင်ယန် မြူးနစ်ကို ဘွန်ဒက်စ်လီဂါ၌ ဖိုလ်စွဲအောင် ကြိုးစားပေးခဲ့သည်။ ထို့အတူ ချန်ပီယံလိဂ်နှင့် ဂျာမနီအသင်း နိုင်ငံတကာချစ်ကြည်ရေးပွဲများတွင်လည်း ၁၁ပွဲ ကစားပေးခဲ့ရာ လေးဂိုးသာ အသွင်းခံရသည်။

ဒုတိယရရှိ

ထို့အတူ ၂၀၀၃–၂၀၀၄တွင် လည်း ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်စ်လီဂါ ၃၃ပွဲ၊ ချန်ပီယံလိဂ် ရှစ်ပွဲ၊ ယူရို ၂၀၀၄ ခြေစစ်ပွဲများ၌ ကစားခဲ့ရာ ပွဲတိုင်းနီးပါး လက်စွမ်းပြကာကွယ်နိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်နှင့် ဂျာမနီအသင်းတို့ မျက်နှာပန်းလှအောင် ကြိုးစားပေးခဲ့သည်။ ထိုနှစ်က ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်စ်လီဂါ၌ ဒုတိယရရှိခဲ့သည်။

ထပ်မံဖိုလ်စွဲ

အိုလီဗာခမ်း၏ စိတ်ဓာတ်သည် အားကစားသမားစိတ်ဓာတ်အပြည့်အဝရှိရာ ပြိုင်ဘက်ကစားသမားများကို ကြမ်းတမ်းစွာ ကစားခြင်းမရှိချေ။ ၂၀၀၄–၂၀၀၅ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အတွက် ချန်ပီယံလိဂ်၊ ဘွန်ဒက်စ်လီဂါ၊ ဂျာမနီအသင်းနှင့် နိုင်ငံတကာ ဘောလုံးပွဲများ စုစုပေါင်း ၅၃ပွဲ ကစားခဲ့သည်။ ထိုနှစ်က စုစုပေါင်း ၃၄ပွဲကစားခဲ့ရာ ၃၃ ဂိုး အသွင်းခံခဲ့ရသော်လည်း ဘိုင်ယန်မြူးနစ်ကို ဘွန်ဒက်စ်လီဂါ၌ ထပ်မံဖိုလ်စွဲအောင် ကြိုးစားစွမ်းဆောင်ပေးခဲ့ပြန်သည်။

လက်စွမ်းပြကစား

တစ်ဖန် ဘိုင်ယန်မြူးနစ်အတွက် ၂၀၀၄–၂၀၀၅၊ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီများ၌လည်း ဂိုးသမားကြီး အိုလီဗာခမ်းက အစွမ်းကုန်လက်စွမ်းပြကစားပေးခဲ့မှုကြောင့် နှစ်နှစ်ဆက်တိုက် ဘွန်ဒက်စ်လီဂါဖလား ရရှိနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အိုလီဗာခမ်းကို ပထမဦးစားပေး ဂိုးသမားအဖြစ် ရွေးချယ်တာဝန်ပေးခဲ့ရာ ဂျာမနီတို့ ကမ္ဘာ့ဖလားပွဲ၌ ရှစ်ပွဲကစားခဲ့ရာ ကိုးဂိုးအသွင်းခံခဲ့ရသော်လည်း အသက်အရွယ် ထောက်လာသည့် အိုလီဗာခမ်းက လက်စွမ်းပြနိုင်သည်။ ပြီးခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပွဲ၌ အဆိုးရွားဆုံးရလဒ်မှာ အီကွေဒေါအသင်းနှင့် ကစားရသောပွဲဖြစ်ပြီး စုစုပေါင်းသုံးဂိုး အသွင်းခံခဲ့ရသည်။

ဂျာမနီ ဂိုးသမားကြီး အိုလီဗာခမ်း၏လက်စွမ်းပြမှုကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

ဆက်လက်ကစားနေဆဲ

အိုလီဗာခမ်းသည် အသက်အရွယ် ရလာပြီဖြစ်၍ ဂျာမနီဘောလုံးအသင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လောလောဆယ်၌ ဘိုင်ယန်မြူးနစ်အသင်းတွင် ပထမဦးစားပေးဂိုးသမားအဖြစ် ဆက်လက်ကစားနေဆဲဖြစ်ပြီး ယခုအချိန် အထိ ၂၄ ပွဲ ကစားပေးထားသည်။

ဂျာမနီနိုင်ငံသမိုင်းတွင် ပယ်နယ်တီဘောလုံးများကို ကာကွယ်နိုင်သူ၊ အဝင်အထွက်မှန်သူ၊ တည်ငြိမ်မှုရှိသူနှင့် အမှားအယွင်းအနည်းဆုံး ဂိုးသမားကြီး တစ်ဦးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါကြောင်း။

(ကိုးကား–အင်တာနက်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းပွဲ တက်ရောက်

ရန်ကုန် မတ် ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၀ ရက်က ရွှေတောင်မြို့ ဘယ်လက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးက အမှာစကားပြောကြားပြီး ဘယ်လက်ကျေးရွာစည်းရုံးရေးမှူး ဒေါ်နီနီခိုင်က ကျောင်းသုံးပုံနှိပ်စာအုပ်များကို ဘယ်လက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးနိုင်ဝင်းအောင်နှင့် ဖိုးသိန်းတန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်အေး တို့ထံ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းငွေး သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးတွင် နွေရာသီသင်တန်းများ၌ အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဒါန်း

ယင်းနောက် ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းခြင်း အခမ်းအနားကို ပြည်မြို့ ပျဉ်းပင်ကိုင်း ကျေးရွာ အခြေခံပညာမူလတန်း ကျောင်း၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပျဉ်းပင်ကိုင်းကျေးရွာ စည်းရုံးရေးမှူး ဦးအောင်တိုးက ပျဉ်းပင်ကိုင်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြူကြူနှင့် မြေပဒေသာကျေးရွာအခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စည်းရုံးရေးဆိုင်ရာ ကိစ္စများနှင့် နွေရာသီသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားပြီး နွေရာသီသင်တန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ကျောင်းသုံးပုံနှိပ်စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ပေါင်းတည်မြို့ နတ်ပုတီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌လည်းကောင်း၊ လက်ပံတန်းမြို့ ကျွန်းကလေးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌လည်းကောင်း၊ သာယာဝတီမြို့ ဂုံမင်းမြောင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌လည်းကောင်း ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ကျေးရွာစည်းရုံးရေးမှူးများက ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ် အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ အသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားကာ နွေရာသီသင်တန်းများ၌ အသုံးပြုရန် အလှူငွေများကို ပေးအပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးဘအေး(တရားရုံးချုပ်ရှေ့နေ)–(ဒေါ်သင်းသင်း၊ အလုပ်ရုံခွဲမှူး၊ တပ်မတော်၊ ချည်/ထည်စက်ရုံ၊ သမိုင်း၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသား ဒေါ်ကြူကြူ(မန်နေဂျာ၊ယာဉ်/စက်ရောင်းဝယ်ရေး၊ ငြိမ်း)တို့၏တူသား

မောင်ရဲလင်းအေး

B.E(Mechanical)Y.I.T
M.Sc (Mechanical) National University of Singapore
(Superintendent, Keppel FELS Ltd, Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးလှငွေး(New Asian Shipping Co.)–Dr.ဒေါ်နွယ်နွယ်အောင် တို့၏ တစ်ဦးတည်းသောသမီး
ဦးနေအောင်(ခ)ဦးပြုံးချိုအောင် (2nd mate FG Uniteam Marine)–ဒေါ်ခင်အေးမူ(အလပြ၊ ငြိမ်း) တို့၏ တူမသမီး

မလှမြတ်သဉ္ဇာ

B.A(Japanese)Y.U.F.L
L.C.C.I Level-III Diploma,UK
(Senior Flight Attendant, Air Bagan)

တို့သည် ၁၁–၃–၂၀၀၇ရက်တွင် Sedona Hotel Dagon Room ၌ နှစ်ဖက်မိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ရဲလင်းအေး–မလှမြတ်သဉ္ဇာ။

အထက ယုန်သလင်း ရွှေရတုသဘင်

ဟင်္သာတမြို့နယ် ယုန်သလင်း အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ၂၀၀၇ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၄ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်မှ ကျောင်းသားဟောင်းများနှင့် ဆရာ ဆရာမများအား နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပွဲတော်ကျင်းပရေးကော်မတီ။



မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လမ်းမပေါ်က ဈေးသည်များ ဖယ်ရှားပေးစေချင်

စာတည်းခင်ဗျား–

ပုဇွန်တောင်မြို့နယ် ကုန်ဈေးတန်းလမ်းသည် တစ်လမ်းမောင်းစနစ်အရ အမှတ် (၆) ရပ်ကွက်အတွင်းသို့ ဝင်သော အဝင်လမ်းဖြစ်ပါသည်။ ယင်းလမ်းမပေါ်တွင် မွန်းတည့်၁၂ နာရီမှည ၈ နာရီအထိ ကျူးကျော်ဈေးသည်များ နေ့စဉ် လမ်းပိတ်ဆို့၍ ဈေးရောင်းချနေကြပါသည်။ ဈေးသည်အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆဲဆိုခြင်း၊ အော်ဟစ်နေခြင်းတို့ကို ပြုလုပ်နေကြသည့်အပြင် ည၈ နာရီကျော်၍ ၎င်းတို့ပြန်ချိန်တွင် ဟင်းသီးဟင်းရွက်၊ အသား၊ ငါးစသည့် အပုပ်အသိုးများ ချန်ထားခဲ့ခြင်းတို့ကြောင့် အနံ့အသက်ဆိုးများကို ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးများကိုပါ ထိခိုက်လျက်ရှိ၍ အဆိုပါဈေးဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

(အောက်ပုံ) (ကုန်ဈေးတန်းသား)

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

တောင်ကြီးမြို့ မြို့မဈေးကြီးတောင်ဘက် တပင်ရွှေထီးလမ်းမကြီးပေါ်တွင် ညဈေးအဖြစ် ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ သက်ဆိုင်ရာမှ ခင်းကျင်းရောင်းချခွင့် ပြုထားသော်လည်း ဈေးသည်အချို့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် အရှေ့ဘက် မဟာသုခလမ်းနှင့် အနောက်ဘက် စဝ်စံထွန်းလမ်း နာရီစင်အနီး တစ်ဝိုက်တွင် လှည်းများတန်းစီ၍ ရပ်ထားခြင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဈေးများခင်းကျင်း ရောင်းချခြင်းတို့ကို စည်းကမ်းမဲ့စွာ ပြုလုပ်လျက်ရှိရာ အများပြည်သူများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

စည်းကမ်းလိုက်နာစေလိုသူ

ကြက်ခြံက အနံ့ဆိုး ဝန်းကျင်နေသူများမခံနိုင်

စာတည်းခင်ဗျား–

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် လက်ခုပ်ပင်ရွာ မင်းရပ်ရပ်ကွက် အနော်ရထာလမ်းထိပ် မြို့ဝင် လမ်းမကြီးဘေးရှိ မွေးမြူရေးကြက်ခြံတစ်ခြံမှ အနံ့ဆိုးများနှင့် ကြက်ဆူညံသံများကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ဖုန်မှုန့်များကင်းရေး ရေဖျန်းပေးပါ

စာတည်းခင်ဗျား–

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၌ လမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သုံး ယာဉ်များ မြေသားလမ်းပေါ် သွားလာလျက်ရှိရာတွင် လမ်းဘေးဝဲယာရှိ သူငွေးကုန်း၊ ဖြူးစု၊ အင်းပတ်လည် စသည့် ကျေးရွာများမှာ ဖုန်မှုန့်များ ပျံ့လွင့်လျက်ရှိပါသဖြင့်အဆိုပါလုပ်ငန်းခွင်များအတွင်း လမ်းရေဖျန်းခြင်း ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

အောင်ရတနာလမ်းတစ်လျှောက် ကျူးကျော်ရောင်းချနေ

စာတည်းခင်ဗျား–

ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် အောင်ရတနာလမ်းတစ်လျှောက်တွင် သား–ငါး၊ ကုန်စိမ်း၊ ကုန်ခြောက်မှစ၍ လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို နံနက်ပိုင်းမှစ၍ ညနေမိုးချုပ်သည်အထိ ကျူးကျော်ဖွင့်လှစ်ရောင်းချလျက်ရှိသဖြင့် စနစ်တကျ ဖွင့်လှစ်ရောင်းချနိုင်ရေး စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

(အပေါ်ပုံ) ဇေယျာသီရိသား

အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင်–

တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မဝိဟာရလမ်းနှင့် ဓမ္မစိန္တာလမ်းကြားရှိ နောက်ဖေးလမ်းကြားတွင်အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်မှုကြောင့် ရေမြောင်းများ ပိတ်ဆို့လျက်ရှိပြီး အနံ့ဆိုးများထွက်နေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ဈေးရေအိမ်ဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပြီး

၂၆–၂–၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပန်းတနော်မြို့နယ် စည်ပင်သာယာဈေးတွင် ရေအိမ်ဆောက်ပေးပါ** ပေးစာနှင့် ပတ်သက်၍ ဈေးသူ ဈေးသားများနှင့် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မဟာသုဒဿနတောင်တော်၊ သရေခေတ္တရာမှသည် ရဲနွယ်ဆီသို့

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"ကြာငုံအဟန်၊ စိတ်သန်ကြည်နူး၊
တင်ရှိဦးအုံ့၊ သောက်ရှုးနေလ၊
တူစုံပသို့၊ ခေတ္တသရေ၊
မင်းနေရပ်စည်၊ ရွှေပြည်ထောင့်ယွန်း၊
တောင်ထိပ်စွန်းဝယ်၊ တသန်းဉာဏ်ရှင်၊
မြသိတင်ဟု၊ ကောင်းကင်မိုးမြေ၊
နှံ့မျှစေသည်၊ ဆံမွေဘုန်းခေါင်၊ မိတည်းနောင်၊
ရည်စောင်ပြည့်မည်၊ ထင်သည်အလျောက်၊
ကျိုး၍လျှောက်ပိမ့်၊ စံမြောက်နွဲ့နှောင်း၊
လှော်ရွှေမောင်းသို့၊ ရှင်နှောင်းမည်ရင်း၊
မြတ်စိုးမင်းသည်၊ ချစ်ချင်းနောင်နှင့် တူလေသော်။"

(နဝဒေးရတုပေါင်းချုပ်မှ)

မဟာသုဒဿ တောင်ကုန်းထက်တွင် လေတဟူးဟူး ဆည်းလည်းသံတချွင်ချွင်ဖြင့် ဘုရားဘွဲ့ရတုပိုဒ်စုံကို ရွတ်ဆိုနေမိသည်။ ပဲခူးတိုင်းပြည်မြို့၏ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးအား ကြည်ညိုနေမိပါသည်။ စေတီတော်မြတ်ကြီးတည်ထားရာ မဟာသုဒဿ တောင်တော်မြတ်ကြီးတွင် ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် ဂေါတမဗုဒ္ဓ ရှင်တော်မြတ်ဘုရား၏ ဗျာဒိတ်တော်အရ ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် စေတီတော်မြတ်ကြီးကို တည်ထား ကိုးကွယ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး စတင်တည်ထားတော်မူသည့် မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊တပေါင်းလဆန်း၁၃ရက်နေ့မှဉာဏ်တော်ခုနစ်တောင်အမြင့်ဆောင်သည့် သဏ္ဌာန်ပုံဖော်ကာ ယင်းနှစ်တပေါင်းလပြည့် တည်ဆောက်ပြီးစီးသည့်နေ့မှစ၍ ယနေ့အထိ နှစ်ပေါင်း ၂၅၈၅နှစ်ကြာ ရှိလာပြီဖြစ်ပါသည်။

ထိုမှ ပြည်မြို့၏ အရှေ့ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိသော သရေခေတ္တရာ မြို့ဟောင်းသို့ ရောက်ခဲ့ပြန်ပါသည်။

သာသနာတော် သက္ကရာဇ် ၁၀၁ခုနှစ်တွင် ဂဝံပတေ့ အရှင်သူမြတ်အမှူးပြု၍ ကြပ်မတ်တည်ထောင်ပြီးလျှင် ဒွတ္တပေါင်မင်းကြီး ရေးဦးလက်မွန်စိုးစံသော မြို့ဖြစ်ကြောင်း၊ ဒွတ္တပေါင်မင်းကြီးမှ အစပြု၍ သရေခေတ္တရာပြည်ကြီး၌ မင်းစဉ်မင်းဆက် အုပ်စိုးလာခဲ့ကြရာ သက္ကရာဇ်တို ၁၆ခု သုပညာနာဂရ ဆိန္နမင်းလက်ထက်၌ သရေခေတ္တရာပြည်ကြီး ပျက်စီးကြောင်းနှင့် ၎င်း၏တူတော် သမုဒ္ဒရာဇ်မင်းသားက ယုန်လွတ်ကျွန်း ၁၉ရွာကို စုစည်း၍ သက္ကရာဇ်တို ၂၉တွင် ပုဂံမြို့ကို တည်ထားကြောင်း မြန်မာရာဇဝင်ကျမ်းများ၌ လေ့လာတွေ့ရှိရပါသည်။

သရေခေတ္တရာမြို့ကြီးသည် အလွန်ရှေးကျ ကြီးကျယ်ခမ်းနားခဲ့ကြောင်း၊ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရ မြို့ဖြစ်ကြောင်း သာသနာသမိုင်းများက သက်သေပြလျက်ရှိပါသည်။

သရေခေတ္တရာမြို့ကြီးသည် တစ်ချိန်က ကြီးကျယ်ခမ်းနားခဲ့သော ရှေးဟောင်းမြို့တော် တစ်မြို့ဖြစ်ကြောင်းကို မြို့ဟောင်း၏ ပတ်ဝန်းကျင်တွင်ရှိကြသော ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ အစရှိသည့် ရှေးဟောင်းစေတီများက လေးနက်ပေါ်လွင်စေပါသည်။

သရေခေတ္တရာ မြို့ဟောင်းရာသည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်းမကျသော အဝန်းအဝိုင်း ပုံသဏ္ဌာန်ရှိပါသည်။ သရေခေတ္တရာ မြို့ဟောင်းကို ဝန်းခွေပတ်ရံနေသောမြို့ရိုးသည် အရှည်ရှစ်မိုင်၊ ငါးဖာလုံရှိ၍ ချုံနွယ်အတိ ဖုံးလွှမ်းကာ မို့မို့မောက်မောက်နှင့် ခင်တန်းအသွင် ဆောင်လျက်ရှိပါသည်။

အေဒီ ၄ ရာစုခန့်မှစ၍ မြန်မာ့သမိုင်း၌ ဖြစ်ပေါ်တိုးတက်ခဲ့သော သရေခေတ္တရာ ရွှေမြို့တော်ကြီး ဖြစ်ပါသည်။ ဩဇာသီးများထွက်သော မှော်ဇာရွာအနီးမှ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဒါယကာဒွတ္တပေါင်မင်းကြီးနှင့် ဗိဿနိုးမိဖုရားတို့၏ ယှဉ်တွဲလျက်ရှိသော သင်္ချိုင်းအုတ်ဂူဘေးတွင် စာရေးသူ အတွေးများ စီးမျောခဲ့ရသည်။ လွန်ခဲ့သောနှစ် ၁၈၀၀ ကျော်မှ ပျူမြန်မာတို့၏ မြို့ပြအိမ်ရာ တည်ဆောက်နေထိုင်မှု အဆင့်အတန်းမြင့်ပုံများ၊အဆောက်အအုံဗိသုကာပညာများ တိုးတက်ထွန်းကားပုံများ၊ ထေရဝါဒ ဗုဒ္ဓသာသနာကိုးကွယ်မှု လေးနက်ပုံများ၊ ရှေးဟောင်းသုတေသနဌာန၏ စွမ်းဆောင်ချက်များ၊ မြန်မာဗိသုကာတို့၏ ကြိုးစားအားထုတ်မှုများတို့သည် ရင်ဝယ်လှိုင်းထ၍အတွေးစများပေါ်ပေါက်စေပါသည်။ဗုဒ္ဓဘာသာ သာသနာ ပွင့်တော်မူရာ အချိန်နှင့် မြန်မာ့သမိုင်းဦးဆက်စပ်တည်ရှိပုံကိုလည်း သာသနာ့သမိုင်းများက ဖော်ပြနေပါသည်။

စာရေးသူတို့ ကားလေးသည် ပဲခူးတိုင်း ကျောက်တံခါးမြို့ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း ဖွင့်ပွဲသို့ ၁၀-၂-၂၀၀၇ ရက်နေ့တွင် ရောက်ရှိခဲ့ပါသည်။

ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနောက်မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ ရဲနွယ်ချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါသည်။ ရဲနွယ်ချောင်းပေါ်၌ အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေရှိ ဇုန်အမျိုးအစား မြေသားတမံဖြစ်သည်။ ရေယူအဆောက်အအုံမှာ အကျယ် ၄၈ ပေ၊ အမြင့်ပေ ၄၀၊ သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ ဓာတ်အားပေးစက်ရုံမှာ အလျား ၁၂၈ ပေ၊ အနံ ၈၂ ပေ၊ အမြင့် ၈၅ပေ ဖြစ်သည်။

ဓာတ်အားပေးစက်ရုံ၌ ၁၂ ဒသမ ၅ တပ်ဆင်စက် အင်အားရှိ စက်နှစ်လုံး တပ်ဆင်ထားပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည် ဖြစ်သည်။

ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ သန်း ထုတ်ပေးသွားနိုင်မည် ဖြစ်သည့်အပြင် လယ်မြေဧက ၁၁၈၅၀၀ ခန့်ကိုလည်း စိုက်ပျိုးရေ ပေးဝေသွားနိုင်မည် ဖြစ်သည်။ လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

ရဲနွယ်ရေအားလျှပ်စစ်စက်ရုံကို နိုင်ငံတော်က ပြည်တွင်းငွေကျပ်သန်းပေါင်း ၅၃၂၂ သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၇ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ၁၀-၂-၂၀၀၇ ရက်နေ့ နံနက် ၈ နာရီက အဆိုပါစက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားခဲ့ရာတွင်-

"နိုင်ငံတော် အကြီးအကဲက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့နိုင်ငံမှာရှိနေသည့် ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးပြုနိုင်အောင် အားထုတ်လုပ်ကိုင် ဆောင်ရွက်သွားရန်နှင့် ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း တစ်ခုပြီး၊ တစ်ခု တည်ဆောက်နေခြင်းမျိုးမဟုတ်ဘဲ အမြန်ဆုံးပြီးစီးအောင် ဖြစ်နိုင်တာ မှန်သမျှ တစ်ပြိုင်တည်း ပူးပေါင်းအားထုတ် ကြိုးပမ်းလုပ်ကိုင်နိုင်ရန် မှာကြားလမ်းညွှန်ထားကြောင်း။

ဤကဲ့သို့ အခြေအနေမျိုးတွင် တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်သည့်အင်အားဖြင့် ပြည်ပစွက်ဖက်မှု၊ နှောင့်ယှက်မှုနှင့် ဖိအားပေးမှုများကို ဖယ်ရှားကြိုးစားပြီး နိုင်ငံတော်၏ ကိုယ်ပိုင်လွတ်လပ်မှု၊ ကိုယ်ပိုင်အမျိုးသားရေး ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ပြည်တွင်းသစ္စာဖောက်များကြောင့် နိုင်ငံတော်သည် အခြွေအရံနိုင်ငံဘဝ၊ နောက်မီးဆွဲနိုင်ငံဘဝ ရောက်မသွားရေးအတွက် တစ်မျိုးသားလုံးက အစွမ်းကုန် ကာကွယ်သွားကြရမှာဖြစ်ကြောင်း၊ ရဲနွယ်စီမံကိန်းကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း"ဟူ၍ ပြောကြားခဲ့ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အားသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ရာ နှစ်စဉ်တိုးတက်မြင့်မားလာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရဲနွယ်ရေအားလျှပ်စစ်စက်ရုံက တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်ပါသည်။

ပဲခူးတိုင်းသည် ဧက ၉၇ သိန်းကျော် ကျယ်ဝန်းကာ လူဦးရေ ၅၅ သိန်းကျော် မှီတင်းနေထိုင်လျက်ရှိပါသည်။ စိုက်ပျိုးမြေဧက ၃၁ သိန်းကျော်၊ သစ်တောဧက ၃၇သိန်းကျော်ရှိပြီး သီးနှံစိုက်စွမ်းအား ၁၇၁ ဒသမ ၄ ရာခိုင်နှုန်းကျော်ရှိသော တိုင်းတစ်တိုင်း ဖြစ်ပါသည်။ တစ်နိုင်ငံလုံးကုန်ထုတ်လုပ်နိုင်မှု၏ ၉ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိသည်။ ဆန်စပါးအနေဖြင့် မိုးစပါးသိန်း ၃၀၊ နွေစပါး လေးသိန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် ဆန်ဖူလုံမှုမှာ ၂၄၇ ရာခိုင်နှုန်းရှိ၍ တစ်နိုင်ငံလုံး၏ ငါးပုံတစ်ပုံသော လူဦးရေအတွက် ဆန်စပါးကို တာဝန်ယူပေးလျက် ရှိပါသည်။

ပဲခူးတိုင်းအတွင်း၌ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေသည့် ဒေသဖြစ်သည့်အားလျော်စွာ ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ဆည်တမံများ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ပေးမှုကြောင့် ပိုမိုဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။ ရဲနွယ်ရေလှောင်တမံကဲ့သို့ စိုက်ပျိုးရေ ပေးဝေနိုင်သည့် ဆည်၊ တာ၊ တမံ၊ ရေတံခါးပေါင်း ၄၂ခု ဖွင့်လှစ်တည်ရှိခဲ့ပြီး ဖြစ်သကဲ့သို့ တည်ဆောက်ဆဲ ရေလှောင်တမံပေါင်း လေးခုကိုလည်း တွေ့မြင်နေကြရပြီ ဖြစ်ပါသည်။

ထိုဆည်တမံများ ပြီးစီးချိန်တွင် ပဲခူးတိုင်းအနေဖြင့် လယ်ယာကဏ္ဍတွင် ပိုမိုဆောင်ရွက်နိုင်လာသည်နှင့်အမျှ ဝင်ငွေများ တိုးပွားလာမည် ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအင်ဖူလုံစေရေးကို ရေအားလျှပ်စစ်စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိနေပါသည်။ ပဲခူးတိုင်းအတွင်း ဇောင်းတူရေအားလျှပ်စစ်စက်ရုံကို ၇-၁၂-၁၉၉၆ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီး ဒုတိယမြောက် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ တည်ဆောက်ဆဲဖြစ်သည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှာ တောင်ငူခရိုင်၌ ခပေါင်း၊ ဖြူး၊ ကွန်ချောင်း၊ သောက်ရေခပ်၊ ပသိနှင့် ပဲခူးခရိုင်၌ ရွှေကျင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့ ဖြစ်ပါသည်။

ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ ပြီးစီးသည့်အချိန်တွင် နှစ်စဉ်ထုတ်လုပ်နိုင်သည့် ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၁၀၀၀ကျော်အထိ ရရှိလာမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် လျှပ်စစ်စွမ်းအားအပြည့်အဝ သုံးစွဲဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပဲခူးတိုင်းအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုတောင့်တင်း ခိုင်မာစေမည် ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်း၌ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများအနေဖြင့် ပေါင်းလောင်းစီမံကိန်း၊ အထက်ပေါင်းလောင်းစီမံကိန်း၊ နန်ချို စီမံကိန်း၊ သောက်ရေခပ်(၁)စီမံကိန်း၊ သောက်ရေခပ်(၂)စီမံကိန်း၊ ဘောဂတစီမံကိန်း၊ ခပေါင်းစီမံကိန်း၊ ကွန်ချောင်းစီမံကိန်း၊ ဖြူးစီမံကိန်း၊ ရွှေကျင်စီမံကိန်း၊ ဇောင်းတူစီမံကိန်း၊ ပသိစီမံကိန်းနှင့် ရဲနွယ်စီမံကိန်းဟူ၍ စီမံကိန်း၁၃ခု ရှိပါသည်။ ယင်းစီမံကိန်းများအနက် ရဲနွယ် စီမံကိန်းအပါအဝင် ပေါင်းလောင်း စီမံကိန်းနှင့် ဇောင်းတူစီမံကိန်းတို့မှာ တည်ဆောက်ပြီးဖြစ်ပါသည်။ ပေါင်းလောင်းစီမံကိန်းမှာ ၂၀၀၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် နိုင်ငံတော်၏ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်ပြီး ဇောင်းတူနှင့် ရဲနွယ်စီမံကိန်းတို့မှာ အလတ်စား ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် မဖြစ်မနေလိုအပ်သော လျှပ်စစ်ဓာတ်အား အမြောက်အမြား ရရှိလာရေးအတွက် နိုင်ငံတော်၏ ပေါကြွယ်လှသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရန် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၆ ခုကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး တစ်ပြိုင်နက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရဲနွယ် ရေအားလျှပ်စစ်စက်ရုံသည် ထိုစီမံကိန်း ၁၆ ခုထဲမှ တစ်ခုအပါအဝင် ဖြစ်သည်။

ရဲနွယ်ရေအားလျှပ်စစ်စက်ရုံသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနက ၄၅ ခုမြောက် ဖွင့်လှစ်သည့် ရေအားလျှပ်စစ်စက်ရုံဖြစ်ပြီး စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအနက် တတိယဖွင့်လှစ်သည့် စီမံကိန်းဖြစ်ပါသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တစ်ပြိုင်တည်း တည်ဆောက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၆ခု ပြီးစီးသွားလျှင် စက်တပ်ဆင်အား ၁၀၄၂၃ မဂ္ဂါဝပ်အထိ ရရှိအသုံးပြုနိုင်မည်ဖြစ်သည်။

တည်ဆောက်ဆဲ စီမံကိန်း ၁၅ ခုအနက် ခပေါင်းရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၃၀၊ ကျိုင်းတောင်းစီမံကိန်း ၅၄ မဂ္ဂါဝပ်၊ ရွှေလီစီမံကိန်း မဂ္ဂါဝပ် ၆၀၀၊ ကွန်ချောင်းစီမံကိန်း မဂ္ဂါဝပ် ၆၀၊ ဖြူးချောင်းစီမံကိန်း မဂ္ဂါဝပ် ၄၀၊ ရွှေကျင်စီမံကိန်း ၇၅ မဂ္ဂါဝပ်၊ ရဲရွာစီမံကိန်း မဂ္ဂါဝပ် ၇၉၀ တို့ပါဝင်ရာ ထိုစီမံကိန်းကြီး ခုနစ်ခုကို ၂၀၀၇ ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု၊ တစ်နှစ်ပြီးတစ်နှစ် ဆက်တိုက်ပြီးစီး ဖွင့်လှစ်ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစား အားထုတ်လျက် ရှိနေကြပါသည်။

ယနေ့အထိ ပဲခူးတိုင်းအတွင်း ဆည်တမံလုပ်ငန်းပေါင်း ၄၂ ခုကို အကောင်အထည်ဖော်ခဲ့ပြီး စိုက်ပျိုးဧက ၇ ဒသမ ၈၅ သိန်းကျော်ကို အကျိုးပြုနိုင်လျက် ရှိနေပြီဖြစ်ပါသည်။ ဤကဲ့သို့ ရေ၊ မြေ၊ သယံဇာတ အခြေခံကောင်းမှု၊ နိုင်ငံတော်က ဤသယံဇာတများကို တန်ဖိုးမြှင့်တင်ပေးမှုတို့ကြောင့် ပဲခူးတိုင်း၏ စပါးစိုက်ဧကသည် သိသိသာသာ တိုးတက်လျက်ရှိသည့်အပြင် နောင်တစ်ချိန်တွင် စီးပွားရေးအရ အဓိကအားထားရသည့် နိုင်ငံတော်၏ တိုင်းကြီးတစ်တိုင်းအဖြစ် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၁၁ ရက်
၁၃-၃-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဉတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ခြင်ဆေးခွေထုတ်လုပ်မှု အကြောင်း)
၁၁:၃၀ မြန်မာ့မူဟန် ဓာတ်မာန် ဟောပြောချက် (သမိုင်းတစ်ခေတ် တီထွင် အလောင်းဘုရားဘုရင်- သာရဝေါ-စိုးကြည်)
၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (စိတ်ခံစားမှုနှင့်အလုတရား-ရွှေပစ္စုန်)
၁၂:၂၀ ဓာတ်လမ်းပမာ နားဆင်စရာ (အိပ်မက်ထဲကမျက်ရည်)
၁၂:၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (မျိုးချစ်တပ်မတော်-ခိုင်ခိုင်)
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ဓာတုဗေဒ သင်ပြနည်း Multiple-Choice tests for teaching of Chemistry)

ညနေပိုင်း

၁၆:၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) မြန်မာ့ရတနာ (စိမ်းအဖွဲ့)
(၂) ပဒေသာ မြေမှာရာစုံလား (တေးပွင့်သီအဖွဲ့)
(၃) တေးဆိုလို့ မိတ်ဆက်မယ် (မေတ္တာမွန်အဖွဲ့)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (တက်ကြွပျော်ရွှင်သည့် ဘဝပိုင်ရှင်များဖြစ်စေဖို့-ကျော်စိန်)
၁၈:၂၅ ကျေးလက်ဓာတ်လမ်း (စူပါမှ စူပါ)
၁၉:၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဆင်တုံးမနွယ်)
၁၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) လက်ပံပွင့်ကောက် အရောက်လာမယ် (အောင်ရင်၊ လေးလေးဝါး)
(၂) ချစ်စေတနာရှင် (မြတ်ထွဋ်၊ ပန်းအိဖြူ)
(၃) သြော်ချစ်တာကိုး (ဒေါ်လာ၊ ပိုးအိစံ)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ငွေညို့ပင် (စောင်းသိန်းဖေ)
(၂) ကောင်းသောညပါရှင် (မာသီ)
(၃) ချိုပလီ (မောင်ဝင်းမြင့်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၁)ရပ်ကွက်ရှိ ရတနာသိဂီ သီလရှင်စာသင်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၁ ရက်က ကျင်းပရာ သီရိမင်္ဂလာ ကံလှကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စက ပန္နက်ရိုက်ပေးစဉ်။ (က-ပ)

ပြည်နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဘားအံ၌ကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၂၈

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ပြည်နယ်အဆင့်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထားလုံက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်ပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် တက္ကသိုလ် ကျောင်းများ၊ ပြည်နယ်အတွင်း အခြေခံကျောင်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ယှဉ်ပြိုင်ကြရာ ပထမဆုကို ကွန်ပျူတာတက္ကသိုလ်မှ မောင်ဇင်မင်းအောင်၊ ဒုတိယဆုကို နည်းပညာတက္ကသိုလ်မှ မောင်စောဝင်းလင်းအောင်နှင့် တတိယဆုကို ကွန်ပျူတာတက္ကသိုလ်မှ မနန်းပွင့်ရွှေရည်ဖူးတို့ရရှိပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

(ခရိုင် ပြန်/ဆက်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လုပ်ငန်းသုံး ယာဉ်များကို စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့ ဖေဖော်ဝါရီ ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နယ်လှည့်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး

ငါန်းဇွန် ဖေဖော်ဝါရီ ၁၀

မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်နှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ဒုတိယဦးစီးမှူး ဒေါ်ခင်အုန်းမြင့်နှင့် ဝန်ထမ်းများ အဖွဲ့သုံးဖွဲ့ခွဲ၍ ထွန်းသာ၊ မဂျီ၊ တောင်လယ်တောပန်း၊ တောင်ကုန်း၊ ခြသေ့်လက်၊ မိုးတောင်၊ သားကျင်၊ ရေလည်သောင်နှင့် နတ်ကြီးကျေးရွာအုပ်စုများသို့သွားရောက်၍ စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ငါန်းဇွန်မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံသော စာကြည့်တိုက်များဖြစ်ရေး၊ စာကြည့်တိုက် မှတ်ပုံတင်ပြုလုပ်ရေးတို့အတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်ကော်မတီဝင်များက မိမိတို့၏ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအခြေအနေကိုဆွေးနွေးကြရာ ဒုတိယဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က လိုအပ်သည်များ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ပြည်သူများ စာပေလေ့လာဖတ်ရှုမှုဖြင့် အသိပညာ ဗဟုသုတတိုးပွားရေး ရှင်းလင်းဆွေးနွေး

မတ္တရာ ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်း မတ္တရာမြို့နယ် တောင်ကန်အုပ်စု ကင်းရွာ ကျေးရွာတွင် စာကြည့်တိုက်ဆိုင်ရာ ဆွေးနွေး ညှိနှိုင်းပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က ဖွင့်လှစ်ထားသော စာကြည့်တိုက်များ အမာခံဖြစ်ရေး၊ ရှင်သန် ဖွံ့ဖြိုးရေး၊ မှတ်ပုံတင် ဆောင်ရွက်ရေးနှင့် ဒေသခံပြည်သူများ စာပေ ဖတ်မှတ် လေ့လာ ဆည်းပူး ခြင်းဖြင့် အသိပညာ ဗဟုသုတ တိုးပွားရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

တင်ပြ

ထို့နောက် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းက ကျေးရွာများတွင် ဖွင့်လှစ်ထားသည့်စာကြည့်တိုက်များအခြေအနေနှင့် ကျေးရွာအလိုက် စာကြည့်တိုက် အဆောက်အအုံများ အခြေအနေတို့ကို လည်းကောင်း၊ အဖွဲ့ဝင်ဦးဝင်းမြင့်၊ ဦးမြင့်တင်၊ ဦးသန်းနိုင်နှင့် စာကြည့်တိုက်ကော်မတီများက ကျေးရွာအလိုက် စီစဉ်ဆောင်ရွက်ထားရှိနေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ဖေဖော်ဝါရီ၈ရက်က ပေါက်တောမြို့နယ် မြင်ဂါ ကျေးရွာ၌ မြေသား ရေကန်တူးဖော်ခြင်း လုပ် ငန်း ကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဆင်းသွယ်လတ် စပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်း နွေစပါးစိုက် တောင်သူများသို့ စပါးမျိုးဖြန့်ဝေမည်

မော်လမြိုင်ကျွန်း မတ် ၈

မော်လမြိုင်ကျွန်းမြို့နယ် စီးပွားချောင်ကျေးရွာအုပ်စု စီးပွားချောင်ကျေးရွာ ကွင်းအမှတ် ၁၁၈၆တွင် တောင်သူလယ်သမား ဦးတင်အောင်သန်းသည် နွေစပါးအဖြစ် ယခုနှစ်တွင် စမ်းသပ်စိုက်ပျိုးထားသော အထွက်ကောင်း ဆင်းသွယ်လတ် စပါးမျိုးဧက ၅၀ တို့မှာ အောင်မြင် ဖြစ်ထွန်းလျက်ရှိပြီး မတ်တတိယပတ်အတွင်း ရိတ်သိမ်းနိုင်တော့မည် ဖြစ်သည်။

ရှင်းလင်းပြသ

ယင်းအထွက်ကောင်း ဆင်းသွယ်လတ် စပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို မတ် ၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရဲနိုင်ဝင်းနှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုရာ တောင်သူလယ်သမား ဦးတင်အောင်သန်းက စပါးစိုက်ပျိုးမှုလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းပြသသည်။ **(အောက်ပုံ)**

ဖြန့်ချိ

အဆိုပါ ဆင်းသွယ်လတ် အထွက်ကောင်း စပါးမျိုးကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ နွေစပါးစိုက် တောင်သူလယ်သမားများထံ စပါးမျိုး ဖြန့်ချိပေးမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၉၇)**

ပူးပေါင်းဆောင်ရွက်

ကန့်ဘလူမြို့ မြို့မဈေးသစ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေငုတ်မှ အပေါ့စားရေစုပ်စက်ဖြင့် ရေရယူဆောင်ရွက်မှုကို ဖေဖော်ဝါရီ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်စာပေ အရည်အသွေးမြှင့်မားရေး ညှိနှိုင်းစည်းဝေး

ကောလင်း ဖေဖော်ဝါရီ ၂၀

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်ဒေသ စာပေအရည်အသွေး မြင့်မားရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က ကျေးလက်ဒေသ စာပေအရည်အသွေး မြင့်မားရေး၊ မြန်ဂုဏ်ဆောင် စာပေဆု ချီးမြှင့်ရေး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ နှုတ်မှုစွမ်းရည်ပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပရေးနှင့် စာတမ်းဖတ်ပွဲ ကျင်းပရေးတို့ကို ဆွေးနွေးကြသည်။ **(ဝ၂၆)**

ကျုံပျော်မြို့ ပိတောက်ရွှေဝါ ကတ္တရာလမ်းသစ်ဖွင့်

ကျုံပျော် မတ် ၁၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့်(မြို့ပြ) ပိတောက်ရွှေဝါ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်က အဆိုပါလမ်းမှန်ဦးရှေ့၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးက ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကတ္တရာ လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်း နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာ လမ်းသစ်ကို တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က လှည့်လည် ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပညာရေးမိသားစု နိဗ္ဗာန်ဆွမ်းအလှူတော် မင်္ဂလာအဖွဲ့က (၁၆)နှစ်ပြည့်ဆွမ်းကပ်အထိမ်းအမှတ် အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၂၀၀၀၀ ကို တိပိဋကရေဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဆွေးနွေးဟောပြော

သာပေါင်းမြို့နယ် အောင်တပ် ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က အဆိုပါကျေးရွာ နဝရတ်စာကြည့် တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်သန်းသန်းစိုးက ဆွေးနွေး ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

စလင်းမြို့နယ် ပြန်/ဆက် ဦးစီးဌာန စာကြည့်တိုက်မှူး သင်တန်းဖွင့်

စလင်း ဖေဖော်ဝါရီ ၂၈

စလင်းမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု ဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ စာကြည့် တိုက်မှူး သင်တန်းအမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ တွင် ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင် **(ယာပုံ)**၊ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေ နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့် မောင်တို့က အမှာစကား ပြောကြား ကြသည်။

အဆိုပါ သင်တန်းသို့ စံပြစာကြည့် တိုက်၁၀၀မှ စာကြည့်တိုက်မှူး ၁၀၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာ့အလင်းမြို့နယ်သတင်းထောက် ကတ်ပြားအသစ်များ စိစစ်လဲလှယ်ပေးမည်

၁။သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ ခန့်အပ်တာဝန်ပေးခဲ့သော ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြို့နယ် သတင်းထောက် များ၏ သတင်းထောက်ကတ်ပြားများကို ပြန်လည်စိစစ် လဲလှယ်ပေးမည်ဖြစ် ပါ၍ ၃၁–၃–၂၀၀၇ ရက်(စနေနေ့) နောက်ဆုံးထားပြီး အောက်ဖော်ပြပါအချက် အလက်များနှင့်အတူ ဤသတင်းစာတိုက်သို့ ပေးပို့ကြရန် ဖြစ်ပါသည်–

(က) လွန်ခဲ့သော(၃) လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊

(ခ) ကိုယ်ရေးအကျဉ်းချုပ်၊

(ဂ) အမျိုးသားမှတ်ပုံတင် (သို့) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊

(ဃ) သတင်းထောက်အဖြစ် ဆက်လက်ဆောင်ရွက်လိုကြောင်း ဆန္ဒပြုလွှာ၊

(င) သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ရှိ ထင်ရှားရှိပြီး သတင်းထောက်အဖြစ် ဆက်လက်ခန့်ထားသင့်ကြောင်း ထောက်ခံချက်၊

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဆ) မြို့နယ်သတင်းထောက်ကတ်ပြား အဟောင်းကို ပြန်လည်အပ်နှံရပါမည်။

၂။နောက်ဆုံးထားပေးပို့ရမည့်ရက်ထက် ကျော်လွန်ရောက်ရှိ လာသူများအား မြို့နယ်သတင်းထောက်များစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

မြန်မာ့အလင်း သတင်းစာတိုက်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၂၁

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း) ၂။ ဒေါ်မေရီ
တရားနိုင်		**တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဧပြီလ ၉ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု ကွင်းအမှတ် ၄၀၈ရှိ တရားရှုံးပိုင် ဦးပိုင်အမှတ် အက်ဖ်(၁၈/၂)၊ (ခ/၃၁/၃)၊ အက်ဖ်(၄၃/၂)မြေကွက်များ ဦးပိုင်အမှတ် (၄/၂ –/၁)ဧရိယာ ၀ဒသမ၇၅ဧကရှိမြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ (၃၀ x ၃၀)ပေ၊ တစ်ထပ်တိုက်အာစီ၊ အဆောက်အအုံဧရိယာ ၀ ဒသမ ၉၂ဧက၊ ၀ ဒသမ၂၁ဧက၊ ၀ ဒသမ ၁၇ ဧကရှိမြေ။

လေလံကြမ်းခင်းဈေးကျပ်သိန်း (၃၀၀)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိ(တိုင်းတရားရုံး ဘီးလစ် ဖုန်း ၀၅၃–၂၂၉၈၈)ထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်သိန်း
တွဲဖက်တိုင်းတရားသူကြီး
ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး။
ပြည်မြို့။

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် မက/၃၆၃၃၄ ဟန်ဆင်း–110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းမြင့် ၅/တဆန(နိုင်) ၀၈၃၆၂၀ က (ကမ–၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)။**

ဦးမျိုးသော်တာညွန့် ၁၂/တမန(နိုင်)၀၉၆၃၁၅ နှင့် အများသိစေရန် ကြေညာခြင်း

မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်၊ အိမ်အမှတ်(၃၂၄)နေ မစီစီမာ(ခ)ဘီဂျန်သီး ၁/မကန(နိုင်)၁၀၀၅၆၂ ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်နှင့် ဦးမျိုးသော်တာညွန့်တို့သည် လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်မှစ၍ လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ထိုသို့ပေါင်းသင်းစဉ် ဦးမျိုးသော်တာညွန့်ဘက်မှ လင့်ဝတ္တရားများကို ပျက်ကွက်ခဲ့ပြီး ကျွန်ုပ်၏အမှုသည်အား ကိုယ်စိတ်ထိခိုက်ဆင်းရဲမှုဖြစ်အောင် အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ၎င်းနိုင်ငံခြားသွားစဉ် ကျွေးမွေးထောက်ပံ့မှုမပြုဘဲ အတူနေ ၎င်း၏ဆွေမျိုးများမှာလည်း ကျွန်ုပ်၏အမှုသည်အား အလားတူ ညှဉ်းပန်းနှိပ်စက်မှုများကို ပြုခဲ့ပါသည်။ ထို့နောက်ဦးမျိုးသော်တာညွန့်၏ မိဘဆွေမျိုးများက ကျွန်ုပ်၏အမှုသည်အား အိမ်ပေါ်မှနှင်ချသဖြင့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် နေအိမ်မှဆင်းခဲ့ရပါသည်။

ထိုအချိန်မှစ၍ ဦးမျိုးသော်တာညွန့်နှင့်လည်းကောင်း၊ မိဘဆွေမျိုးများနှင့်လည်းကောင်း လုံးဝဆက်သွယ်မှုမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဦးမျိုးသော်တာညွန့်နှင့် ကျွန်မမှာ လင်မယားအဖြစ်မှ အပြန်အလှန် စွန့်လွှတ်၍ အပြီးအပိုင် ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဦးဘုန်းမြင့်ဝင်း(LL.B)**
အထက်တန်းရှေ့နေ (စဉ်–၂၅၁၀၇)၊ အမှတ်(၃၈/၄၀)၊
မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မတ် ၁၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၂** တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။ (မြန်မာ့အလင်း)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာစက်မှုမြို့မှစက်မှုလုပ်ငန်းရှင်များအားတွေ့ဆုံမှာကြား

ရန်ကုန် မတ် ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာစက်မှုမြို့ရှိ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲမှုကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များတက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာစက်မှုဇုန်ရှိ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်မှ ပြည်ပဈေးကွက်သို့ ငါးများတင်ပို့ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူများ၏ လူမှုဘဝ ပြည့်စုံတိုးတက်ကောင်းမွန်ရေး သတင်းနှင့်ဆက်သွယ်ရေးနည်းပညာသည် မောင်းနှင်အားဖြစ်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျင်းပ

အဆိုပါ အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်ပွဲ အခမ်းအနားကို ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တက္ကသိုလ်များ၌လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပကြသည်။

တက်ရောက်

နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ IT ကုမ္ပဏီများမှ ပညာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကွန်ပျူတာနည်းပညာအသုံးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးစား တည်ဆောက်နေကြရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများ၏ လူမှုဘဝ ပြည့်စုံတိုးတက် ကောင်းမွန်လာစေရန်တို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍသည် အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

သတင်းအချက်အလက်နှင့် e-Government လုပ်ငန်း၏ အခြေခံ အဆောက်အအုံ တစ်ခုအဖြစ် ဝန်ကြီးဌာန အားလုံးအတွက်

စာမျက်နှာ ၃ ကော်လံ ၃ ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီးများ ခင်းကျင်းပြသထားသည့် အွန်လိုင်းစာကြည့်တိုက်စနစ် e-Library၊ ခေတ်လူငယ် Youth Website နှင့် စပ်လျဉ်းသည့် ပြကွက်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မိုးလေဝသခြေအနေ

၁၂-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။